# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ တနင်္လာနေ့။ Monday, 7 April 2025 ၁၁၇၈၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် သက္ကဗိတာ သီလရှင်စာသင်တိုက်အဆောက်အအုံ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ■

## ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံကို ကူညီပံ့ပိုးရန်နှင့် ပြည်သူများနှင့် တစ်သားတည်းရှိရန် ကုလသမဂ္ဂကို တိုက်တွန်း — စာမျက်နှာ » ၁၀

အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက် — စာမျက်နှာ » ၁၂

နိုင်ငံရေးလက်နက်ဖြစ်လာတဲ့ Fact Checking — ဆောင်းပါး စာမျက်နှာ » ၁၈

ကြေးမုံ

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ငန်းစဉ်များနှင့်အညီ ဖြတ်ကျော်

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကြုံတွေ့ခံစားရလေ့ရှိသည့်နိုင်ငံဖြစ်သည်။ ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးရှိသည့်အနက် မြေငလျင်အန္တရာယ်ကို သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ကြရသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၁၀၀ အတွင်း ပြင်းထန်သည့် ရစ်(ချ်)တာစကေး ၆ နှင့်အထက် လှုပ်ခတ်မှု ၁၈ ကြိမ်ရှိခဲ့ပြီး ၁၉၁၂ ခုနှစ် ပြင်ဦးလွင်ငလျင်မှာ ရစ်(ချ်)တာစကေး ၈ အထိ အပြင်းထန်ဆုံးဖြစ်ခဲ့ပြီး ယခုအကြိမ်လှုပ်ခတ်မှုသည် ဒုတိယအပြင်းထန်ဆုံးဖြစ်သည်။

မတ်လ ၂၈ ရက်နေ့ကလှုပ်ခတ်ခဲ့သည့် စစ်ကိုင်းငလျင်သည် မွန်းလွဲပိုင်းတွင် လှုပ်ခတ်ခဲ့သောကြောင့် နေ့ခင်းဘက်ဖြစ်သည်တောင်မှ ယခုကဲ့သို့ ထိခိုက်သေဆုံးပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ အကယ်၍ ညပိုင်းလူအများအိပ်စက်ချိန်တွင် လှုပ်ခတ်ခဲ့မည်ဆိုပါက ယခုထက်အဆပေါင်းများစွာ ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ယခုဖြစ်စဉ်သည် အဆိုးထဲမှ အကောင်းဟု ဖြေသိမ့်ရမည်ဖြစ်သည်။ ယခုပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြီးအပြီး မေလ ၅ ရက်နေ့ ကိုးရက်မြောက်နေ့တွင် သေဆုံးသူ ၃၄၅၅ ဦး၊ ထိခိုက်ဒဏ်ရာရသူ ၄၈၄၀၊ ပျောက်ဆုံးသူ ၂၁၄ ဦး စုစုပေါင်း ထိခိုက် သေဆုံးသူ ၈၆၀၀ ကျော်ရှိခဲ့သည်။

အသေးစိတ်စာရင်းများ အပြီးအပြတ်မရရှိသေးသော်လည်း ငလျင်ဒဏ်ကြောင့် အဆောက်အအုံပေါင်း ၅၂၂၃ လုံး၊ စာသင်ကျောင်းပေါင်း ၁၈၂၄ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်ပေါင်း ၂၇၅၂ ကျောင်း ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ ဘုရားစေတီပေါင်း ၄၈၁၇ ဆူ ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ ဆေးရုံဆေးခန်း ၁၆၇ ခု ပျက်စီးခြင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေးသွားရထားလမ်းနှင့် ကားလမ်းများ ပျက်စီးခြင်းနှင့် အချို့ဘူတာရုံများ ပျက်စီးမှုများဖြစ်ပေါ်ခြင်း၊ တံတားပေါင်း ၁၆၉ စင်း ပျက်စီးခြင်း၊ ဆည်မြောင်းတမံ ၁၉၈ ခု ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခြင်း၊ အမြန်လမ်းမကြီးတစ်လျှောက် အပိုင်း ၁၈၄ ခု ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခြင်းစသည့် အခြေခံအဆောက်အအုံပျက်စီးမှုများ အလွန်များပြားခဲ့သည်။

အင်အားပြင်းထန်သောငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများသည် နေအိမ်အဆောက်အအုံပြင်ပများတွင် ယာယီနေထိုင်ရလျက်ရှိသည်။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ယာယီတဲများ ထုတ်ယူအသုံးပြုရန် မှာကြားထားသည်။ သန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် ယာယီယင်လုံအိမ်သာများ ဆောက်လုပ်ပေးရန်လိုသည်။ သန့်ရှင်းသည့် သောက်သုံးရေများရရှိရေးအတွက် နိုင်ငံတော်က ရေသန့်များဖြန့်ဝေပေးလျက်ရှိသကဲ့သို့ နိုင်ငံတကာမှ ရေသန့်စက်များရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ငလျင်ဒဏ်ခံရသည့် ပြည်သူများ၏ နေအိမ်အဆောက်အအုံနှင့် ပိုင်ဆိုင်မှုပစ္စည်းများ ဆုံးရှုံးကြရသည့်အပြင် မိဘများ၊ သားသမီးများ၊ မိသားစုဝင်များနှင့် ဆွေမျိုးသားချင်းများ ဆုံးရှုံးခဲ့ရခြင်းများအတွက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများကို သက်သာရာရရှိအောင် ဖေးမကူညီ ဖြေသိမ့်ပေးကြရမည်ဖြစ်သည်။ ငလျင်ဒဏ်သင့်ပြည်သူများ၏ ပိုင်ဆိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုများကို အချိန်အတိုင်းအတာတစ်ခုတွင် ပြန်လည်တည်ဆောက်ပေးနိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာကြေကွဲမှုများကို ကာလရှည်ကြာစွာ ဖြေဖျောက်ပေးရမည်ဖြစ်သည်။ ပြင်းထန်သည့် ကိုယ်လက်အင်္ဂါဆုံးရှုံးကြရသူများကို ပြန်လည်ထူထောင်ရေးအတွက် ခြေတုလက်တုများ တပ်ဆင်ပေးနိုင်သည်အထိ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးချိန်တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး၌ ထိခိုက်ဒဏ်ရာရလူနာများ များပြားခဲ့ရာ အားကစားကွင်းများ၌ ယာယီဆေးရုံများ ဖွင့်လှစ်ပေးပြီး ပြည်တွင်း ပြည်ပမှ ဆရာဝန်၊ သူနာပြုများက ကုသပေးလျက်ရှိသည်။

ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရာတွင် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့အစည်းများထံ သတင်းမပို့ဘဲ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းသည် မလိုလားအပ်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စများ ဖြစ်ပေါ်လာနိုင်သဖြင့် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ကြရန်လိုမည်ဖြစ်သည်။ ငလျင်ဒဏ်နှင့်ပတ်သက်၍ ကောလာဟလသတင်းများ၊ မဟုတ်မမှန်သတင်းများထုတ်လွှင့်၍ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရေး၊ ပြည်သူလူထုက အစိုးရအပေါ် အယုံအကြည်ကင်းမဲ့စေရန် ရည်ရွယ်ချက်ဖြင့် သတင်းထုတ်လွှင့်မှုများကို သတိထားရန်လိုသည်။ ဖြစ်ပေါ်လာသည့် မလိုလားအပ်သောကိစ္စအဝဝကို သက်ဆိုင်ရာအဖွဲ့အစည်းများက အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ပေးပို့လာသည့် ကူညီထောက်ပံ့ရေးပစ္စည်းများကို ရသင့်ရထိုက်သူများအားလုံး ရရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မြန်မြန်ရောက်၊ မြန်မြန်ဖြန့်၊ အပျက်အစီးများကို မြန်မြန်သိမ်းဆည်း၊ အဆောက်အအုံများကို မြန်မြန်ပြင်ဆင်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဖြတ်ကျော်သွားရမည်ဖြစ်ပါကြောင်း။ ။

# ရောဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအသင်း နေပြည်တော်ရှိ ငလျင်ဘေးသင့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ဆန်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် မေ ၆**

ရောဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအသင်း နာယက ဒေါ်ကြည်ကြည်ထွန်း ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် နေပြည်တော်ရှိ ငလျင်ဘေးသင့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ဆန်နှင့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းသည်။

ဦးစွာ နာယကနှင့်အဖွဲ့သည် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ အမှတ် (၁၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ် (၉) အခြေခံပညာ အထက်တန်းကျောင်း၊ သာသနပါလ ဓမ္မရိပ်သာ မြိတ်ကျောင်းနှင့် အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်း တို့တွင် ယာယီနေထိုင်လျက်ရှိသည့် ငလျင်ဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံမှ ငလျင်ဘေးသင့်လူနာများ၊ ရန်အောင်မြင် ရွှေလက်လှမ္မာရုံရှိ ငလျင်ဘေးသင့်ပြည်သူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ဆန်နှင့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၆**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

မေ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍ အချပ်ပိုကို မေ ၁၇ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာ အချပ်ပိုကို မေ ၂၀ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလ ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက် ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၂၂ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

■

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်း၌ နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ၆ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၁၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူနေသူ တစ်ဦးကို အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်သိန်း ၅၀၀ ဆက်ကပ်လှူဒါန်းစဉ်။

■ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မြတ်ကိုယ်ပိုင်အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုကာ ကူညီကယ်ဆယ်ရေး အဖွဲ့များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် စာသင်ဆောင်များ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ထိခိုက်ပျက်စီးခဲ့မှုများအား စနစ်တကျစိစစ်၍ ပြန်လည်ပြုပြင်နိုင်သည်များကို အဆင့်အလိုက် ပြုပြင်သွားရန်၊ ပြုပြင်၍မရသည့် အန္တရာယ်ရှိ ကျောင်းဆောင်များကို စနစ်တကျဖြိုချသွားရန်နှင့် ဆယ်တင်၍ရနိုင်သည့်ပစ္စည်းများကိုလည်း စနစ်တကျ ပြန်လည်ဆယ်တင် အသုံးပြုသွားရန်၊ ပြန်လည်ပြုပြင်၍ ရနိုင်သေးသည့် ကျောင်းဆောင်အား ကျောင်းဖွင့်ချိန်မတိုင်မီ စနစ်တကျပြန်လည်ပြုပြင်ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ခိုင်ခံ့မှုရှိစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

## ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသမှုဆောင်ရွက်ပေးနေမှုများ၊ အဆောက်အအုံအတွင်း ခြောက်ရက်ကြာပိတ်မိခဲ့ပြီး အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့သူ ကျောင်းဆရာတစ်ဦး အပါအဝင် အခြားထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက် ပေးထားမှုများကို ကြည့်ရှု၍ အားပေးစကားပြောကြားကာ ထိခိုက်ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အသင်္ချာရိပ်သာသို့ ရောက်ရှိကြပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် လူထိခိုက်သေဆုံးခဲ့ရမှုများ၊ သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ **စာမျက်နှာ ၄ သို့ »»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အသင်္ချာရိပ်သာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေးကျွန်းမြေအုဋ်ကျောင်း၌ အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတံတား(အင်း၀)ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှုကို ကြည့်ရှုစဉ်။

»»» **စာမျက်နှာ ၃ မှ**

လမ်းတံတားများ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီဝန်ထမ်းများ၊ ပြည်ပနိုင်ငံများမှ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များ အတူတကွပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**မျှမျှတတရရှိစေရေး ဆောင်ရွက်**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ငွေကြေး ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရသင့်ရထိုက်သည့် နေရာများအားလုံး မျှမျှတတရရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် လမ်း၊ တံတား နေရာများအား လတ်တလော သွားလာနိုင်ရန်အတွက် ယာယီပြင်ဆင်မှုများ ဆောင်ရွက်ထားရှိမှုများကို အပိုင်းလိုက် စနစ်တကျဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ဆက်လက်ပြင်ဆင် ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများတွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ဟူ၍ ရှိမည်ဖြစ်ပြီး ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများအတွက်လည်း လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများကို တတ်နိုင်သရွေ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပြီး ယခင်ကထက် ပိုမိုကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်သည့် မြို့အဖြစ်ဖော်ဆောင် ပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းလမ်းရပ်ကွက် ကမ်းနားလမ်းပေါ်ရှိ မိုးဇာရေပေးဝေရေးစက်ရုံ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ပင်မလမ်းအူကြောင်း ရွေ့လျားပြောင်းလဲခဲ့သည် အထိ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စကုမော်ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်သင့် **စာမျက်နှာ ၅ သို့** »»»

❂ **ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရသင့်ရထိုက်သည့် နေရာများအားလုံး မျှမျှတတရရှိစေရေး ဆောင်ရွက်ပေးသွားရန်လို**

❂ **ထိခိုက်ပျက်စီးခဲ့သည့် လမ်း၊ တံတား နေရာများအား လတ်တလောသွားလာနိုင်ရန်အတွက် ယာယီပြင်ဆင်မှုများ ဆောင်ရွက်ထားရှိမှုများကို အပိုင်းလိုက် စနစ်တကျဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ဆက်လက်ပြင်ဆင် ဆောင်ရွက်ပေးသွားရန်လို**





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် ပင်မလမ်းအူကြောင်း ရွေ့လျားပြောင်းလဲခဲ့သည်အထိ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့ မြတ်ကိုယ်ပိုင် အထက်တန်းကျောင်း ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးမှုများအား ဖယ်ရှား ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆွမ်းဦးပုညရှင်စေတီတော်တွင် ငလျင်ဒဏ်ကြောင့်အဆောက်အအုံပျက်စီးနေမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၄ မှ

ပြည်သူများအား ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးထားမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးထားမှုများကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ စစ်ကိုင်းမြို့မှ လုပ်အားပေးလာရောက်ကြသည့် စေတနာ့ဝန်ထမ်း ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။ ယင်းနောက် စကုမော်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ စစ်ကိုင်းတံတား (အင်း၀) ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှုအခြေအနေများကို ကြည့်ရှုပြီး အမြန်ဆုံးပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) ပြည့် အားကစားကွင်း၌ အခြေပြု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိသည့် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံရာ အဖွဲ့ခေါင်းဆောင် Mr. Hasizul ၏ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များ တစ်ဦးချင်းအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်က လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) ပြည့် အားကစားကွင်း၌အခြေပြု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေးကျွန်းမြေ အုဋ္ဌကျောင်း၌ အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်နေမှု၊ သကျဓိတာ သီလရှင်စာသင်တိုက် အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်နေမှု၊ ဆွမ်းဦးပုညရှင်စေတီတော်တွင် အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက်နေမှု၊ ရတနာသိင်္ဂီ သီလရှင်စာသင်တိုက်တွင် အဆောက်အအုံ ပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သာသနိကအဆောက်အအုံများအား မူလလက်ရာမပြတ် ခိုင်ခံ့စွာဖြင့် ပြန်လည်တည်ထားကိုးကွယ်နိုင်ရေး၊ လုပ်ငန်းဆောင်ရွက်မှုများကို အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားကာ ကူညီကယ်ဆယ်ရေး အဖွဲ့များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။



သီတဂူသံဃသန္နိပါတကျောင်းဆောင်တော်ကြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူဝိပဿနာကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင် ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အား ငလျင်သဘာဝဘေးကြောင့် အသက်ခန္ဓာဆုံးရှုံးခဲ့ရသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ပြည်သူအပေါင်းတို့ ရရှိစေရန် အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူသံဃသန္နိပါတကျောင်းဆောင်တော်ကြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အမြန်ဆုံး ပြန်လည်တည်ဆောက်သွားနိုင်ရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ ကားလမ်းမပေါ်၌ ငလျင်ဘေးဒဏ်ကြောင့် ပင်မလမ်းအူကြောင်း ရွေ့လျား ပြောင်းလဲခဲ့သည်အထိ ထိခိုက် ပျက်စီးခဲ့ရမှုအား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ရိုင်တန်းရပ်ကွက်ရှိ မဟာစေတီတော်အား လုံးတော်ပြည့်ငုံ၍ ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုကာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်မွမ်းမံမှုများကို စနစ်တကျတွက်ချက် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ)ပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမြတ်မုနိဘုရားကြီးတွင် ငလျင်လှုပ်ခတ်စဉ် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ကူညီကယ်ဆယ်ရေးအဖွဲ့များအား သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြား

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ကူညီကယ်ဆယ်ရေး အဖွဲ့များအား သွားရောက်တွေ့ဆုံပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ်ရှိ လေဆိပ်ဟောင်း နေရာ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ယာယီဆေးရုံဖွင့်လှစ်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital သို့ ရောက်ရှိကြရာ အဖွဲ့ခေါင်းဆောင် Lt. Col Jagneet Gill နှင့် တာဝန်ရှိသူများက ဆေးကုသမှု ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆေးကုသမှုခံယူနေသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်မှုများနှင့် ဆေးကုသပေးမှုများ လာရောက်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် သစ်သီးခြင်းတို့ကို ပေးအပ်ပြီး အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့ ခေါင်းဆောင်က လက်ခံရယူပြီး အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့များအတွက် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး အိန္ဒိယတပ်မတော် ဆေးကုသရေး အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဂ်လာမန္တလေးဟိုတယ်ရှေ့၌ ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည့် တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေးအဖွဲ့အား သွားရောက်တွေ့ဆုံရာ အဖွဲ့ခေါင်းဆောင် Mr. Kyauk Me က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ လာရောက်ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ခွဲခြား၍မရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်ရရှိခဲ့သည့် ကူညီကယ်ဆယ်ရေး အတွေ့အကြုံများကိုလည်း မျှဝေပေးသွားစေလိုပြီး မိမိတို့အနေဖြင့် ယခုဖြစ်စဉ်ဖြစ်ရပ်အပေါ် သင်ခန်းစာယူ၍ နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအပေါ် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများအား ဆက်လက် သုတေသနပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကျေးဇူးတင်စကားများကို ပြောကြားကာကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလာသီရိအားကစားကွင်းသို့ရောက်ရှိကြပြီး အားကစားကွင်းနေရာတွင် ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိသည့် ရုရှားနိုင်ငံမှ Major General Sergey Voroutsov ဦးဆောင်သော ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့များအား ရင်းရင်းနှီးနှီး

**စာမျက်နှာ ၇ သို့**

✇ စာမျက်နှာ ၆ မှ

လိုက်လံ တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားများပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းတို့ကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါအားကစားကွင်းအတွင်း ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဝိုင်းဝန်း ဆောင်ရွက်ပေးလျက်ရှိသည့် ဘယ်လာရုစ်နိုင်ငံမှ Col. Eagle ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားများ ပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းနှင့်သစ်သီးခြင်းတို့ကိုပေးအပ်ရာ အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ကာ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်မဟာမြတ်မုနိဘုရားကြီးသို့ရောက်ရှိကြပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ဌက်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူများ လှူဒါန်းထားရှိသည့် ရတနာ ရွှေ ငွေ၊ ကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငလျင်လှုပ်ခတ်စဉ် ကွာကျခဲ့သည့် ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မဟာမုနိပိဋကတ်တိုက်တော်ကြီးအတွင်းရှိ ရှေးဟောင်းပိဋကတ်တော်များ ထိန်းသိမ်းထားရှိမှုများ၊ ကြေးရုပ် ပြတိုက်အတွင်းရှိ ရှေးဟောင်း ကြေးရုပ်ကြီးများ ထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့မှုများကို အမြန်ဆုံးပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်မဟာမြတ်မုနိဘုရားကြီးနှင့်သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့စဉ် မဟာမြတ်မုနိဘုရားရုပ်ပွားတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့မှုများအား မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ပြိုကျနေဆဲဖြစ်သည့် အန္တရာယ်ရှိ အဆောက်အအုံများကို စနစ်တကျဖြင့် ဖြိုဖျက်မှုများ ဆောင်ရွက်သွားရန်လိုပြီး ပြုပြင်မှုများကို အပိုင်းလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုသည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့မှုများကို တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများက အပျက်အစီးများ ရှင်းလင်း ဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ချိုမြင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မန္တလေးမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ၊ ကျောက်ဆည်မြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေး အဖွဲ့များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့များအတွက် သစ်သီးခြင်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် သစ်သီးခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်း ဌာနအလိုက် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေး စီစဉ်ပေးထားသည့် စခန်းနေရာများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းမိသားစုများ၏ ယာယီနေရာချထားရာစခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**အားပေးစကားပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံးသို့ ရောက်ရှိပြီး ရုံးဝင်းအတွင်း ငလျင်ဒဏ်ခံရသဖြင့် ဝန်ထမ်းမိသားစု ၉၂ ဦး တို့အား ယာယီစခန်းချထားမှုကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စုစည်းနေရာချထားမှုအခြေအနေ၊ ဝန်ထမ်းမိသားစုများအတွက် စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေနှင့် ရုံးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းပြသမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ဝန်ထမ်းမိသားစုများအား အားပေးစကားပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့မီးရထားဘူတာစကြံအမှတ် (၃)သို့ ဆိုက်ရောက်လာသော ရန်ကုန်-နေပြည်တော် အမှတ် (၇) အဆန် DEMU ရထားတွဲဆိုင်းနှင့် ဘူတာစကြံ အမှတ် (၂) ၌ နေပြည်တော်မှ မန္တလေးသို့ ထွက်ခွာရန် အဆင်သင့်ဖြစ်နေသည့် အမှတ် (၂၇)အဆန်၊ လေအိတ်အမြန်ရထားတွဲဆိုင်းတို့အား ကြည့်ရှုစစ်ဆေး၍ ရထားများ အချိန်မှန်ထွက်ခွာ၊ ဆိုက်ရောက်နိုင်ရေး၊ သတ်မှတ်အမြန်နှုန်းဖြင့် ပြေးဆွဲနိုင်ရေး၊ ရထားခရီးစဉ်သတင်းအချက်အလက်များကို ပြည်သူလူထု ကျယ်ပြန့်စွာသိရှိစေရေး လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ဘူတာကြီးနယ်မြေအတွင်း ငလျင်ဒဏ်ခံ ဝန်ထမ်းမိသားစုအင်အား ၈၀၀ တို့အား နေရာချထားမှုအခြေအနေ၊ မြန်မာ့မီးရထားဆေးအဖွဲ့မှ ဝန်ထမ်းမိသားစုနှင့် ဒေသခံပြည်သူတို့အား ဆေးဝါးကုသပေးမှုအခြေအနေတို့ကို စစ်ဆေးကာ ယာယီစခန်းစတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ လူနာ စုစုပေါင်း ၇၇၁ ဦးကုသပေးနိုင်ခဲ့မှုအပေါ် ဆက်လက်၍ ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရေး မှာကြားသည်။

ယင်းနောက် မီးဖိုဆောင်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မိသားစုအလိုက် အမိုး၊ အကာဖြင့် စနစ်တကျ နေရာချထားရန်နှင့် ကာလတစ်ခုအထိ အဆင်ပြေစွာ နေထိုင်နိုင်ရေး Camp တည်ဆောက်ရန် လိုအပ်သည့်မြေနေရာများ ကြိုတင်စီစဉ်ဆောင်ရွက်ကြရေး မှာကြားသည်။ ဆက်လက်၍ မြန်မာ့မီးရထား(ရုံးချုပ်) စီးပွားရေးဌာနခွဲရုံးဝင်းအတွင်းရှိ ဝန်ထမ်းမိသားစု ၄၃၄ ဦးရှိသည့် ယာယီစခန်းနေရာသို့ရောက်ရှိပြီး နေရာချထားပေးမှု အစီအစဉ်၊ စားသောက်ရေး အစီအစဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး(ရွာတော်)၌ ဌာနဝန်ထမ်းမိသားစု ၁၀၈ ဦးတို့အား ယာယီစခန်းချနေထိုင်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ရထားလမ်းပိုင်းအချို့ ပျက်စီးမှုများအား အမြန်ဆုံးပြင်ဆင်ပြီးစီး၍ ရထားများပြန်လည်ပြေးဆွဲပေးလျက်ရှိ



နေပြည်တော် မေ ၆

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် ရထားလမ်းပိုင်းအချို့နေရာများ၌ ပြိုကျပျက်စီးမှုများဖြစ်ပွားခဲ့သော ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ရထားပြေးဆွဲမှုများကို ယာယီရပ်နားထားခဲ့ရပြီး အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် မေ ၅ ရက်မှစ၍ ရန်ကုန်-နေပြည်တော် - မန္တလေးလမ်းပိုင်းအတွင်း လူစီးရထားများ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ပြီဖြစ်သည်။

ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ရန်ကုန်မှ စတင်ထွက်ခွာသည့် အမှတ်(၇)အဆန် ခေတ်မီ DEMU ရထားနှင့် မန္တလေးမှ စတင်ထွက်ခွာသည့် အမှတ်(၂၈)အစုန် လေအိတ်ရထား၊ နေပြည်တော်မှ ရန်ကုန်သို့ စတင်ထွက်ခွာသည့် အမှတ်(၈)အစုန်ခေတ်မီ DEMU ရထားနှင့် နေပြည်တော်မှ မန္တလေးသို့ စတင်ထွက်ခွာသည့် အမှတ်(၂၇)အဆန် လေအိတ်ရထားများတွင် ခရီးသည်များ အသီးသီးလိုက်ပါစီးနင်းမှုရှိကြောင်း သိရသည်။ ထို့အတူ ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် သံဃာတော်များအား သက်ဆိုင်ရာနယ်မြေအလိုက် ရထားဝန်ထမ်းများက နေ့ဆွမ်းများ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲပေးခြင်းကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အဓိက ရထားလမ်းပိုင်းများ ဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများတွင်လည်း ရထားများ ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားပြည်သူများအနေဖြင့် ရထားလက်မှတ်များကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အားတစ်ရက်ကြိုတင်၍လည်းကောင်း ဘူတာရုံများနှင့် လက်မှတ်အရောင်းနေရာများတွင် ကြိုတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ငလျင်ဒဏ်ကြောင့် ဆက်သွယ်မှုပြတ်တောက်သွားသော မိုဘိုင်းစခန်းများနှင့် ဆက်သွယ်ရေးစခန်းများ အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ထား

နေပြည်တော် မေ ၆

နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသော မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၆၀၀၀ ကျော်အနက် ၆၇၃၀ ကျော်သည် ဆက်သွယ်မှုပြတ်တောက်ခဲ့ရာ အော်ပရေတာများမှ မေ ၆ ရက်အထိ စခန်းပေါင်း ၅၉၀၀ ကျော်ကို ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ငလျင်ဒဏ်ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Auto Exchange ၉၅ ခု ချို့ယွင်းပျက်စီးခဲ့ရာ မေ ၅ ရက်အထိ ၆၀ ပြုပြင်ပေးနိုင်ခဲ့ပြီး ကျန် Exchange ၃၅ ခုအား ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် တယ်လီဖုန်းတိုင်ကြိုးများ၊ ကေဘယ်လ်ကြိုးများ ရှင်းလင်းဖယ်ရှားခြင်း၊ မိုဘိုင်းစခန်းများနှင့် ကေဘယ်လ်ကြိုးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ e-Government Data Center ရှိ Government Cloud System အား ပြုပြင်ခဲ့ရာ မေ ၅ ရက်တွင် ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများ၏ Cloud Service ၂၄၇ ခုမှာ ဝန်ဆောင်မှုများ ပြန်လည်ရရှိခဲ့သည်။ EDMS စနစ်၊ Government e-Mail စနစ်၊ GPMS စနစ်များကို မေ ၆ ရက်တွင် စနစ်များ ကောင်းမွန်စွာလည်ပတ် အသုံးပြုနိုင်ပြီဖြစ်သည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် မြန်မာ့စာတိုက်လုပ်ငန်း၏ စာတိုက် ၁၅ ခု လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ရာ မတ် ၃၀ ရက်တွင် ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား စားနပ်ရိက္ခာများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ဆန်၊ အချိုရည်၊ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊ ငါးခြောက်နှင့် စားနပ်ရိက္ခာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီဝင်သည် ဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆောင်တာများနှင့် စားဝတ်နေရေး အခက်အခဲများကို မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယနေ့တွင် ဝန်ထမ်းများနှင့် မိသားစုဝင်များ အတွက် ဆန်အိတ် ၅၀၀၊ ရေသန့်ဘူးကတ် ၂၀၀၊အချိုရည်ကတ် ၃၀၀၊ခေါက်ဆွဲခြောက်ထုပ် ၅ ဖာ၊ ငါးခြောက်နှင့် စားနပ်ရိက္ခာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တရားခွင်ရုံးထိုင်မည့်နေရာများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၆**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်ဒဏ်ကြောင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးရှိ တရားခွင်များ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်သဖြင့် အများပြည်သူတို့၏ ဥပဒေပါအခွင့်အရေးများ မဆုံးရှုံးစေရေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ အမှုများကြားနာခြင်းကို ပုံမှန်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် အဖွဲ့သည် ဧပြီ ၆ ရက် နံနက် ၁၀ နာရီခန့်တွင် ဇေယျာသီရိခရိုင် တရားရုံးသို့ ရောက်ရှိပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုံညီခုံရုံး၊ အထူးအယူခံခုံရုံး၊ အထူးခုံရုံး၊ တရားမ တစ်ဦးထိုင် တရားခွင်၊ ပြစ်မှုတစ်ဦးထိုင် တရားခွင်များ ရုံးထိုင်စစ်ဆေးကြားနာရန် တရားခွင်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်တရားရုံး နောက်ဘက်ရှိ မြေနေရာတွင် ဇေယျာသီရိခရိုင်တရားရုံး ရုံးထိုင်ရန် ယာယီတရားခွင်(၄)ခွင်ဆောက်လုပ်မည့် နေရာကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ဆက်လက်၍ ဇေယျာသီရိခရိုင်တရားရုံးနှင့် ပုဗ္ဗသီရိမြို့နယ် တရားရုံးများတွင် မြေငလျင်ဒဏ်ကြောင့် အနည်းငယ် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ဝန်ထမ်းနေရာချထားမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**





## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ငလျင်ဘေးဒဏ်ခံစားရသော ဝန်ထမ်းများအား နေရာချထားမှုကြည့်ရှု

**နေပြည်တော် ဧပြီ ၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များသည် ကော်မရှင်ရုံးတွင် လာရောက်နေထိုင်ကြသည့် ငလျင်ဘေးဒဏ်ခံစားရသော ဝန်ထမ်းများအား နေရာချထားမှုနှင့် လိုအပ်သည်များပံ့ပိုးဆောင်ရွက်နိုင်ရန် ကြည့်ရှုအားပေးကာ ရုံးအဆောက်အအုံခိုင်ခံ့မှု ရှိ / မရှိကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနနှင့် ပူးပေါင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းလေးဒေသအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

**ညောင်ရွှေ ဧပြီ ၆**

အင်အားပြင်းထန်သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းရှိ ကျေးရွာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြည်လည်ထူထောင်နိုင်ရေး လုပ်ငန်းများကို ဧပြီ ၆ ရက်တွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ယာယီဆေးရုံများ ဖွင့်လှစ်**

အင်းလေးကန်အတွင်းရှိ ငလျင်ဒဏ်ပြင်းထန်စွာ ခံစားခဲ့သည့် ကျေးရွာများတွင် ပြိုကျပျက်စီးလျက်ရှိသည့် သာသနိက အဆောက်အအုံများ၊ လူနေအိမ်များနှင့် အဆောက်အအုံများအား စနစ်တကျ ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လုပ်အားဒါနရှင်များက ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်လျက်ရှိကြပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသူများအတွက် ကျန်းမာရေးဌာနမှ အရေးပေါ်ကုသရေး ယာယီဆေးရုံများဖွင့်လှစ်ပြီး တပ်ဘက်/ အရပ်ဘက် ဆေးဝါးကုသမှု ကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြုစု စောင့်ရှောက်ကုသမှုများ ဆောင်ရွက် ပေးလျက်ရှိသည်။

အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များကလည်း စားသောက်ဖွယ်ရာများ၊ အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းများ၊ အလှူငွေများကို လာရောက် လှူဒါန်းလျက်ရှိကြပြီး အသုံးအဆောင် ပစ္စည်းများ၊ စားနပ်ရိက္ခာများကို ဘေးသင့် ပြည်သူများသို့ စနစ်တကျ ဝေငှပေးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ဧပြီ ၆ ရက်အထိ သေဆုံးသူ ၃၅၁၄ ဦး၊ထိခိုက်ဒဏ်ရာ ရရှိသူ ၄၈၀၉ ဦးနှင့် ပျောက်ဆုံးသူ ၂၁၀ ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၆၈၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့် ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဧပြီ ၆ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုင်ငံပေါင်း နှစ်နိုင်ငံမှ လေယာဉ်စင်းရေ နှစ်စင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ချိန် ၃၈ ဒသမ ၁၂၈ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း ပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကို ကူညီပံ့ပိုးရန်နှင့် ပြည်သူများနှင့်တစ်သားတည်းရှိရန် ကုလသမဂ္ဂကို တိုက်တွန်း

(၅-၄-၂၀၂၅၊ နေပြည်တော်)

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၄-၂-၂၀၂၅ ရက်မှ ၄-၄-၂၀၂၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူဆိုသူတို့၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာများအပေါ် အနှစ်သာရကင်းသည့် အပြန်အလှန် ဆွေးနွေးမှုများကို ၃-၃-၂၀၂၅ ရက် နှင့် ၂၀-၃-၂၀၂၅ ရက်တို့တွင် အသီးသီး ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ဥရောပသမဂ္ဂက တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကို ၃-၄-၂၀၂၅ ရက်တွင် သက်ဆိုင်ရာနိုင်ငံကို ချန်လှပ်၍ ဘုံသဘောတူညီချက်မရှိဘဲ အတည်ပြုချမှတ်ခဲ့ခြင်းမှာ အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှု၏ အခြေခံသဘောတရားကို သေးသိမ်စေသည်။

မြန်မာနိုင်ငံတွင် ၂၈-၃-၂၀၂၅ ရက်၌ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ပြီး လူပေါင်း ၃၀၀၀ ကျော် သေဆုံးကာ အခြေခံအဆောက်အအုံများ ဆိုးရွားစွာပျက်စီးခဲ့သည်။ ယင်းနေ့တွင်ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြင်းထန်စွာထိခိုက်ခဲ့သည့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းရှိ ငလျင်ဘေးသင့်နေရာများကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ကူညီပံ့ပိုးလိုသည့် မည်သည့်အဖွဲ့အစည်းကိုမဆို အထောက်အပံ့များပေးအပ်ရန် ဖိတ်ခေါ်ခဲ့သည်။ အဖွဲ့ဝင် ၄၃ ဦး ပါဝင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အရေးပေါ်တုံ့ပြန်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစီးလုပ်ဆောင်လျက်ရှိသည်။

အဆိုပါ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဘေးဒဏ်သင့်နေရာများသို့ အစားအစာများ၊ ဆေးဘက်ဆိုင်ရာ အကူအညီများပေးခြင်းနှင့် မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများပေးခြင်းတို့အပါအဝင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုများနှင့် ပံ့ပိုးမှုများကို ကြိုဆိုသည်။

အရေးပေါ်ကာလတွင် မြန်မာပြည်သူများနှင့်အတူ တစ်သားတည်းရှိကြောင်းပြသ၍ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြသည့် ကုလသမဂ္ဂအေဂျင်စီများအပါအဝင် နိုင်ငံများနှင့် အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ ထိုသို့ အားပေးသည့် အပြုအမူများမှာ လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသရာရောက်သည်။

ယခုကဲ့သို့ သဘာဝဘေးနှင့် ကြုံတွေ့နေရချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အချို့နိုင်ငံများ၏ အက်ကြောင်းထပ်နေသော ပြစ်တင်ဝေဖန်မှုများကို ဆက်လက်ရင်ဆိုင်နေရသည်မှာ လွန်စွာဝမ်းနည်းဖွယ်ဖြစ်သည်။ ယခုအချိန်တွင် မြန်မာပြည်သူများ အမှန်တကယ်လိုအပ်သည်မှာ ကူညီဖေးမမှု၊ အကူအညီ၊ အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုနှင့် တစ်သားတည်းဖြစ်မှုတို့သာဖြစ်ပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေသော နိုင်ငံရေးသွတ်သွင်းသည့် ဆုံးဖြတ်ချက်အဆိုကို အလိုမရှိပါ။

မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်၃ခုကျော်ကြာပြီဖြစ်သည့် အထူးအစီရင်ခံစာတင်သွင်းသူကဲ့သို့သော လက်တွေ့တန်ဖိုးကင်းမဲ့ပြီး ထိရောက်မှုမရှိသည့်လုပ်ပိုင်ခွင့်များကို အဆုံးသတ်ရန် ကုလသမဂ္ဂအား တိုက်တွန်းသည်။

ယခုကဲ့သို့ သဘာဝဘေးကြောင့် အခက်အခဲများကြုံတွေ့နေရသည့်ကာလတွင် မျှတ၍ လက်တွေ့ဆန်သောချဉ်းကပ်မှုဖြင့် မြန်မာနိုင်ငံ၏သဘာဝဘေးတုံ့ပြန်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို ကူညီပံ့ပိုးရန်နှင့် မြန်မာပြည်သူများနှင့် တစ်သားတည်းရှိရန်လည်း ကုလသမဂ္ဂကို တိုက်တွန်းသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ UNOCHA ၏ အကြီးအကဲနှင့် Under-Secretary-General Mr. Tom Fletcher ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Under–Secretary–General Mr. Tom Fletcher ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Mr. Tom Fletcher က ငလျင်ဘေးသင့်ပြည်သူများအား ကူညီရန်အတွက် နိုင်ငံတကာမှ ယခုအချိန်အထိ လှူဒါန်းရန်ကတိပြုငွေ အမေရိကန် ဒေါ်လာ ၉၃ သန်း ရရှိထားကြောင်း၊ ကုလသမဂ္ဂ၏အရေးပေါ်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ငါးသန်းအား အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ယင်းတို့ကို အသုံးပြု၍ အကူအညီပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန်အတွက် ကုလသမဂ္ဂဝန်ထမ်းများကို စေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် မတ် ၂၈ရက်တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးနှင့် ရန်ကုန်မြို့ အခြေစိုက် UNOCHA ရုံး၏ အကြီးအကဲတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးရမှုများအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ဂါရဝပြုခဲ့ကြသည်။**(အပေါ်ပုံ)**

**သတင်းစဉ်**

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်အား လာရောက်တွေ့ဆုံ



**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့က မေ ၅ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးက မြန်မာနိုင်ငံငလျင်သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ချစ်ကြည်ရင်းနှီးမှုကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ကူညီဆောင်ရွက်ပေးခြင်းများအပေါ် အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် လိုအပ်သည့်ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး၊ အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr. Sundeep Kaushal၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများနှင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်



နေပြည်တော် ဧပြီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ပေးအပ်ခြင်း၊ နေပြည်တော် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ ငလျင်ဒဏ်သင့် ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ပေးအပ်ခြင်းတို့ကို စေတနာရှင် အလှူရှင်များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်နှင့်အမှတ်တရပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၆

မြန်မာနိုင်ငံတွင် အင်အားအလွန်ပြင်းထန်သော မြေငလျင် လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများတွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ငလျင်ဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းလာရောက်၍ အတူလက်တွဲပူးပေါင်းလျက် လုပ်ငန်းများဆောင်ရွက်ပေးခဲ့မှုအတွက် ကျေးဇူးအထူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါကြောင်း၊ နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့တွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၏ နေ့ညမနားမနေ ကြိုးစားဆောင်ရွက်မှုများကြောင့် အသက်ရှင်လျက် ရှစ်ဦး ကယ်ထုတ်နိုင်ခဲ့ပြီး သေဆုံးသူ ၁၇၂ ဦး ရှာဖွေနိုင်ခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများသည် အဓိကကျပါကြောင်း၊ ယခုကဲ့သို့ လာရောက်ပူးပေါင်းမှုကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် မိတ်ဆွေတို့နိုင်ငံမှ စိတ်ပူစွာဖြင့် စာနာကူညီပေးကြသော ပြည်သူများကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များနှင့် AHA Centre မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့နှင့် ဆေးကုသမှုအဖွဲ့တို့အား နှုတ်ဆက်

မန္တလေး ဧပြီ ၆

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၅ ရက် ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ပြန်လည်ထွက်ခွာကြသည့် အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့နှင့် ဆေးကုသမှုအဖွဲ့အား နှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားသည်။



## ပေးအပ်

အဆိုပါအဖွဲ့သည် လူသားချင်း စာနာထောက် ထားမှုများဖြင့် မန္တလေးမြို့သို့ မတ် ၃၀ ရက်က ရောက်ရှိပြီး ချမ်းမြသာစည်မြို့နယ်ရှိ လေဆိပ်ဟောင်းနေရာတွင် ယာယီကုသဆောင်များ ဖွင့်လှစ်၍ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများအား လိုအပ်သည့် ဆေးကုသမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြကာ မန္တလေးမြို့မှ ပြန်လည် ထွက်ခွာသွားကြခြင်းဖြစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွေ့ဆုံနှုတ်ဆက်၍ အားပေး ကူညီမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် မန္တလေးတိုင်း ဒေသကြီးတွင်လည်း ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်တွင်းမှ ဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့များနှင့် ဆေးကုသမှုအဖွဲ့များဖြင့် ကူညီရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အရေးပေါ်သွေးလိုအပ်နေသောနေရာများသို့ တပ်မတော်စစ်ဆေးရုံများမှတစ်ဆင့် ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၆

ဗုဒ္ဓဘာသာကလျာယုဝအသင်း(ဗဟို)၏ လမ်းညွှန်မှုဖြင့် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သောငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ အရေးပေါ်သွေးလိုအပ်နေသောနေရာများသို့ တပ်မတော်စစ်ဆေးရုံများမှတစ်ဆင့် ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၂) တပ်မတော်စစ်ဆေးရုံ ခုတင်-၅၀၀ ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက စုပေါင်းသွေးလှူဒါန်းကြရာ ဒလမြို့နယ်မှ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းဇော်လတ်နှင့် အမှုဆောင်၊ အသင်းဝင် ၄၅ ဦး၊ သာကေတမြို့နယ်မှ အသင်းဝင်ငါးဦး၊ လှိုင်သာယာမြို့နယ်မှ သုံးဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ(ကိုယ်စား) ဒုဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးထင်ကျော်မိုး၊ တိုင်းအလုပ်အမှုဆောင် ဦးသန့်ဇင်လင်း၊ အမှတ်(၂)တပ်မတော်စစ်ဆေးရုံ ခုတင်-၅၀၀ မှ ဗိုလ်မှူးကျော်ဇင်ထွန်းနှင့် သွေးဌာနမှတာဝန်ရှိ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ဒလမြို့နယ် YMBA အသင်းမှ အားဖြည့်အချိုရည်၊ ကြက်ဥ၊ အာဟာရမုန့်များကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၂၀၂၅ ခုနှစ် ဧပြီလ ၆ ရက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ငလျင်ဘေးအန္တရာယ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ငလျင်ဘေးသင့်ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်ဝန်းကျင် မြေကွက်လပ်၊ အားကစားကွင်း၊ စာသင်ကျောင်း စသည့်နေရာများတွင် ယာယီနေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်ထားသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသည့် ရောဂါပိုးများ ပေါက်ပွားရှင်သန်မှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပွားနိုင်ကာ ငလျင်ဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအသောက်များ လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင်နေထိုင်သူများ ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် မေ ၆**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်သည်။



**ဆွေးနွေးမှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ပြည်ထောင်စုဝန်ကြီးရုံးမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများနေထိုင်သည့် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ သီရိဂန္ဓမာသပြေအေး မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်သို့လည်းကောင်း၊ သဇင်ဆောင်(၄) အဆောင်(၈) သို့လည်းကောင်းသွားရောက်၍ ငလျင်ဒဏ်သင့်ဝန်ထမ်းများအား တွေ့ဆုံအားပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2)ခန်းမအနီးရှိ ရေငန်းဆည်မှရေကို ရွှေ့လျားရေသန့်စင်ကားဖြင့် ရေများသန့်စင်ပြီး သောက်သုံးရေသန့်များ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ငလျင်ဒဏ်သင့်ဝန်ထမ်းများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ယာဉ်၊ စက်ယန္တရားသိုလှောင်ရုံသို့ လည်းကောင်း၊ သမဝါယမဦးစီးဌာနမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများနေထိုင်သည့် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော လယ်ဝေးမြို့ မဟာစည်သာသနာ့ရိပ်သာသို့ လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် မြောက်လွတ်ကုန်းသင်တန်းသား အိပ်ဆောင်သို့ လည်းကောင်း သွားရောက်ပြီး ဝန်ထမ်းများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေး စနစ်တကျနေထိုင်ကြရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ငလျင်ဒဏ်သင့်ပြည်သူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပျက်စီးသွားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများကို အမြန်ဆုံးပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် ပျက်စီးဆုံးရှုံးမှုများကို အမြန်တင်ပြကြရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာရှိ ငလျင်ဒဏ်သင့် အိမ်ထောင်စု ၃၁ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် ဘူတာရုံအနီးရှိ နယ်မြေ (၁၀၊ ၁၁၊ ၁၂၊ ၁၄) တို့မှ ငလျင်ဒဏ်သင့်ပြည်သူများအား သောက်သုံးရေသန့်များ ဖြန့်ဝေပေးနေမှုကို လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်သို့ သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်နေသော ဝန်ထမ်းလိုင်းခန်း တည်ဆောက်နေမှုနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ တစ်နှစ်တာအခမဲ့ ယာယီနေထိုင်ခွင့်ပေးမည့် ဥတ္တရသီရိဟိုတယ်ဇုန်ရှိ တော်ဝင်ကျောက်စိမ်းဟိုတယ်နှင့် Original Group ကုမ္ပဏီလီမိတက်တို့၏ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများ ကြံ့ခိုင်မှုရှိ၊ မရှိ ပြန်လည် စစ်ဆေးအတည်ပြုပြီး နေထိုင်ရန် သင့်လျော်မှသာ နေထိုင်နိုင်ရေးစီစဉ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်မွမ်းမံမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များမှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးဌာန ရုံးရှေ့မျက်နှာစာ ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင် မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးဌာနရုံး အစည်းအဝေး ခန်းမနှင့် လျှောက်လမ်း ကော်ရစ်တာ၊ မျက်နှာကြက် ပြိုကျပျက်စီးမှုများကို အမြန်ဆုံးပြုပြင်နိုင်ရန်နှင့် အဆောက်အအုံ အင်ဂျင်နီယာများ၏လာရောက်စစ်ဆေးမှုရလဒ်များ အပေါ် လိုက်နာပြုပြင်ဆောင်ရွက်သွားရန် အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် ပြည်တွင်းအလှူရှင်များက ပေးအပ်လှူဒါန်းသည့် ဆန်အိတ် ၄၀၊ ရေသန့်ကတ်များနှင့် အလှူငွေကျပ် သိန်း ၁၀၀ တို့ကို လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ခွဲဝေပေးအပ်**

ယင်းနောက် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာနှင့်ပြည်တွင်းအလှူရှင်များက ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် ကူညီပေးအပ်သော ပစ္စည်းများအား ဝန်ထမ်းများသို့ စနစ်တကျ ခွဲဝေပေးအပ်ကြောင်း သိရသည်။



**သတင်းစဉ်**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ နေပြည်တော်ရှိ မြေငလျင်ဒဏ်သင့် ဆရာဒကာကျောင်းတိုက်များသို့ အလှူငွေနှင့်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အောင်သိဒ္ဓိ ဆရာဒကာကျောင်းတိုက်နှင့် လယ်ဝေးမြို့ရှိ ပေါက်မြိုင် ဆရာဒကာကျောင်းတိုက်တို့သို့ သွားရောက်၍ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ငလျင်ဒဏ်ကြောင့် ကျောင်းတိုက်အတွင်းရှိသာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး ပျက်စီးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း တိုင်းရုံးအတွင်း ဝန်ထမ်းမိသားစုများနေထိုင်ရန် ယာယီစခန်းများ တည်ဆောက်မည့်မြေနေရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုင်းရုံးနှင့် ခရိုင်ရုံးများ၏ ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းမိသားစုများအား ယာယီပြောင်းရွှေ့နေရာချထားပေးသည့် ဒက္ခိဏသီရိမြို့နယ်ရှိ သင်တန်းကျောင်းအဆောင်သို့ သွားရောက်၍ ဝန်ထမ်းမိသားစုများအတွက် နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာနရုံးချုပ်ဝင်းအတွင်း ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန်အတွက် သုံးခန်းတွဲနေအိမ်နှင့် ဘားတိုက်များ ဆောက်လုပ်နေမှုအခြေအနေအားလည်းကောင်း၊ ပြောင်းရွှေ့ဝန်ထမ်းမိသားစုများအတွက် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားမှုအခြေအနေများအား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပျက်စီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဘေးဒဏ်သင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများဖြစ်သည့် ဘောဂသိဒ္ဓိရပ်ကွက်နှင့် ဉာဏသိဒ္ဓိရပ်ကွက်တို့တွင် နေထိုင်ကြသော ဝန်ထမ်းအိမ်ရာတိုက်ခန်းများ ထိခိုက်ပျက်စီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထိုသို့ စစ်ဆေးရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်ခဲ့သည့် အဆောက်အအုံကြံ့ခိုင်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်း အဆင့် (၁) လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ယင်းအဆောက်အအုံများ၏ သုံးရေ ရေအရည်အသွေးများ ပြောင်းလဲမှုရှိ၊ မရှိ၊ ရေအရည်အသွေး စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ၊ မရှိတို့ကို စစ်ဆေးရန် ရေနမူနာကောက်ယူပြီး ရွှေ့လျားဓာတ်ခွဲခန်းတွင် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးပေးခြင်း၊ တိုက်ခန်းများ၏ ကြံ့ခိုင်မှုအရည်အသွေးစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များကို လိုက်လံနှစ်သိမ့်အားပေးကာ ယာယီနေထိုင်စားသောက်မှု အခြေအနေများကို



ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဆန်များနှင့် စားသောက်ဖွယ်ရာများကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရမည်းသင်းမြို့၌ ငလျင်ဘေးဒဏ်သင့်ကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မကြာမီက အင်အား အလွန်ပြင်းထန်သော မြေငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့ရသော ရမည်းသင်းမြို့ရှိ နည်းပညာတက္ကသိုလ် (ရမည်းသင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း) တို့သို့ ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား အားပေးပြီး ကူညီထောက်ပံ့ပေးအပ်သည်။




ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါနည်းပညာတက္ကသိုလ်နှင့် သိပ္ပံတို့တွင် အဆောက်အအုံပျက်စီးမှု၊ ပြန်လည်ပြုပြင်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ လျင်မြန်စွာ အကဲဖြတ်စစ်ဆေးမှုပုံစံအဆင့်(၁)ဖြင့် စစ်ဆေးမှုဆိုင်ရာ နည်းပညာအချက်လက်များကို တာဝန်ရှိသူများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ငလျင်ဒဏ်သင့် ပင်မစာသင်ဆောင်၊ စာသင်ခန်းများ၊ ပုံဆွဲခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများ၊ ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသားအိပ်ဆောင်များသို့ သွားရောက်ပြီး သာမန်အဆင့် ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများ၊ ပြိုကျပျက်စီးမှုနှင့် အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများ၊ Geotechnical Hazard ကြောင့် Soil Test စစ်ဆေးရန် လိုအပ်မှုအခြေအနေများကို တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှု စစ်ဆေး၍ လာမည့် ဇွန်လကျောင်းဖွင့်ချိန်၌ ကျောင်းလုပ်ငန်းများ အဆင်ပြေပြေ ဆောင်ရွက်နိုင်ရန် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လတ်တလော ပြုပြင်ရေးလုပ်ငန်းများ၊ သတ်မှတ်ကာလအတွင်း ပြုပြင်ရေးလုပ်ငန်းများ၊ ရေရှည်တွင် ငလျင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရေးနှင့် ထိခိုက်မှုလျော့နည်းအောင် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များကို လိုက်လံနှစ်သိမ့်အားပေးပြီး ယာယီနေထိုင်စားသောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ လက်ဝယ်အရောက် ထောက်ပံ့ငွေများ၊ ဆန်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ခံစားခဲ့ရသည့် မန္တလေးနှင့် ပျော်ဘွယ်မြို့တို့၌ မြန်မာဘောလုံးမိသားစုက ကူညီလှူဒါန်း



**နေပြည်တော် မေ ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အမှုဆောင်များ၊ နည်းပြများ၊ ကစားသမားဟောင်းများ၊ ဒိုင်လူကြီးများ၊ MFF နှင့် MNL ဝန်ထမ်းများပါဝင်သည့် မြန်မာဘောလုံးမိသားစုသည် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများတွင် သွားရောက်ကူညီ လှူဒါန်းလျက်ရှိပြီး မေ ၆ ရက်တွင် မန္တလေးနှင့် ပျော်ဘွယ်မြို့၌ ကူညီလှူဒါန်းခဲ့သည်။

မြန်မာဘောလုံးမိသားစုသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေး အရိုးဆေးရုံကြီးသို့ငွေကျပ် သိန်း ၅၀၊ လူနာ ၄၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ လှူဒါန်းသည်။ ယင်းနောက် ငလျင်ဘေးကြောင့် ကွယ်လွန်ခဲ့သည့်မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးစိန်ဝင်းကြီး၏ နေအိမ်သို့ သွားရောက်ဂါရဝပြုဆုတောင်းခဲ့ပြီး ကျန်ရစ်သူမိသားစုအား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဘောလုံးမိသားစုက ငွေကျပ် ၅၅ သိန်း လှူဒါန်းခဲ့သည်။ မြန်မာဘောလုံးမိသားစုသည် မန္တလေးမြို့မှတစ်ဆင့် ပျော်ဘွယ်မြို့သို့ သွားရောက်ပြီး ပျော်ဘွယ်မြို့ ကန်ဦးကျောင်းတိုက်ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၁၀၀ ကူညီလှူဒါန်းသည်။

**ကူညီဆောင်ရွက်**

မြန်မာဘောလုံးမိသားစုသည် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများတွင် ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ငလျင်ဘေးသင့် ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဘေးသင့်ဝန်ထမ်းများအား ယာယီပြောင်းရွှေ့နေရာချထားသည့် ဥတ္တရသီရိမြို့နယ်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်ဗဟိုသင်တန်းကျောင်းနှင့် မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေအားလျှပ်စစ် အမှတ် (၁) တည်ဆောက်ရေးဝင်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းတို့သို့ သွားရောက်ပြီး ငလျင်ဘေးသင့်ဝန်ထမ်းများအား နေရာချထားမှု၊ နေထိုင်စားသောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ အလှူရှင်များမှ ပေးပို့လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးသင့်ဝန်ထမ်းများအား ယာယီပြောင်းရွှေ့နေရာချထားသည့် ဥတ္တရသီရိမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်းသို့ ရောက်ရှိပြီး ငလျင်ဘေးသင့်ဝန်ထမ်းများ လုံလောက်စွာ အသုံးပြုနိုင်ရန် ယာယီသန့်စင်ခန်းများ တည်ဆောက်နေမှု၊ ပြောင်းရွှေ့နေရာချထားသည့် အဆောက်အအုံများအတွင်းရှိ သန့်စင်ခန်းများတွင် ရေလုံလောက်စွာ ရရှိမှု ရှိ/ မရှိ၊ မြေနေရာလွတ်များတွင် ယာယီနေထိုင်နိုင်ရန် လူနေမိုးကာတဲများချထားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ယာယီမီးဖိုဆောင်များ တည်ဆောက်နေမှု၊ သင်တန်းဆောင်အဆောက်အအုံအတွင်း ထပ်မံလစ်လပ်နိုင်မည့် နေရာများတွင် နေရာချထားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် အဆောက်အအုံပြင်ပ မြေနေရာများတွင် ယာယီတဲများ တည်ဆောက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေအားလျှပ်စစ် အမှတ် (၁) တည်ဆောက်ရေးဝင်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံဝင်းတို့သို့ သွားရောက်ပြီး ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယာယီပြောင်းရွှေ့နေရာချထားမှု၊ နေထိုင်စားသောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုများအား အလှူရှင်များမှ ပေးပို့ လှူဒါန်းသည့် သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာ များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဘိလပ်မြေစက်ရုံ(တောင်ဖီလာ)နှင့် တောင်ငူခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့အား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

စက်မှုဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် (၃၀)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ လတ်တလော နေထိုင်၊ စားသောက်ရေးကိစ္စရပ်များ အဆင်ပြေစေရေးအတွက် လိုအပ်ချက်များကို တတ်စွမ်းသရွေ့ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဦးစီးဌာန၊ လုပ်ငန်းများမှ နေထိုင်ရန် အခက်အခဲရှိသည့် ဝန်ထမ်းအင်အား စာရင်းများကို ပြုစုထားရန်နှင့် အမြန်ဆုံးနေရာချထားနိုင်ရေး စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများ အတွင်းသို့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လာရောက်စစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်း ထောက်ခံချက်ပေးမှသာ ဝင်ရောက်နေထိုင်ကြရန်လိုကြောင်း၊ ငလျင်ဒဏ်ကြောင့် အဆောက်အအုံ ထိခိုက် ပျက်စီးမှုများကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အနည်းဆုံးအင်အားဖြင့် ဆောင်ရွက်နိုင်ရေး ဌာနအလိုက် တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဘိလပ်မြေ စက်ရုံ (တောင်ဖီလာ)သို့ ရောက်ရှိရာ ငလျင်ဒဏ်ကြောင့် စက်ရုံပျက်စီးခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ရှိ တောင်ငူခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရုံးသို့ ရောက်ရှိရာ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံ နေရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံ၍ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တောင်ငူခရိုင်အတွင်းရှိ MSME လုပ်ငန်းများ ထိခိုက်မှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် တောင်ငူမြို့အတွင်း အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ဆီ၊ဆားစသည့် ကုန်မျိုးစုံများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

နေပြည်တော် မေ ၆

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ရှစ်ရက်မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။



## ဆက်လက်ရောင်းချပေး

မတ် ၃၀ ရက်မှ မေ ၆ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက် အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ- Export Quality) ၆၅၇၅ အိတ်၊ ဆန် ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) ၁၂၁၅ အိတ်၊ ဆီပိဿာ ၁၂၁၀၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါအိတ် ၂၅၇၁ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၃၁၅၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့်လှည့်လည် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန်၂၄ ပြည်ဆံ့ (မနောသုခ) ၂၀၆ အိတ်၊ စားအုန်းဆီ ပိဿာ ၁၅၄၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန်၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၁၇၁ အိတ်၊ စားအုန်းဆီ၂၆၅၂ ပိဿာ၊ ကြက်ဥအလုံး ၄၃၆၀၊ ကြက်သွန်နီ ပိဿာ ၄၅၀၊ အသားတုငါးပိဿာ တို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဌာနခွဲအလိုက် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ယာယီရုံးခန်းနေရာ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်နှင့် နောက်ဆက်တွဲလှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်များကြောင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လူငယ်ရေးရာဦးစီးဌာန ရုံးခန်းနေရာများ ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ယာယီပြောင်းရွှေ့ထားမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။



**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဦးစွာ အဆောက်အအုံအတွင်းရှိ ရုံးသုံးပရိဘောဂပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်သည်များက သယ်ဆောင်ပြောင်းရွှေ့ကူညီပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့်အတူ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ရုံးအမှတ်(၃၁)၌ ပြည်ထောင်စုဝန်ကြီးရုံး ဌာနခွဲများဖြစ်သည့် အုပ်ချုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၏ စီမံ/အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ မူဝါဒနှင့် ဥပဒေ လုပ်ထုံး လုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ၏ ပြည်ပခရီးစဉ်များဖြစ်သည့် ASEAN SDGS Thorugh Football Forum၊ The DCO Train the Trainer Course Program၊ 2025 SEARADO Board Meeting၊ ကျား/မရေးရာ တန်းတူညီမျှရေးအလုပ်ရုံဆွေးနွေးပွဲနှင့် ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး အမည်စာရင်းများ အပြီးသတ်ပေးပို့နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ၏ စီမံကိန်းများရေးဆွဲခြင်း၊ စာရင်းအင်းများ ပြုစုဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေး ဌာနခွဲ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအရ ရငွေ/သုံးငွေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များထံသို့ လုပ်ပိုင်ခွင့်များ ခွဲဝေခြင်းနှင့်အသုံးစရိတ်များ ထုတ်ယူရရှိနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၏ ပြည်ပခရီးစဉ်များနှင့်ပတ်သက်ပြီး အချိန်မီပေးပို့နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရုံးခန်းနေရာ ယာယီဖွင့်လှစ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ သက်ြန်ကာလမတိုင်မီ သက်ဆိုင်ရာဌာနများသို့ ဌာနခွဲများအလိုက်ပေးပို့ရမည့်အချက်အလက်များအား အချိန်မီပေးပို့နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသော ဝန်ထမ်းနှင့်မိသားစုဝင်များအား ယာယီနေရာချထားပေးနေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းနှင့် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးတို့သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသော ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းနှင့် မိသားစုဝင်များ အတွက် နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ် အစိုးရစက်မှုလက်မှုသင်တန်းကျောင်းအနီးတွင် ယာယီနေထိုင်နိုင်ရန် ပြင်ဆင်နေရာချထားပေးသောနေရာများသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး စီမံဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ ဝန်ထမ်းများနှင့် မိသားစုဝင်များ ပြောင်းရွှေ့ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ပြောင်းရွှေ့နိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်နိုင်စေရေး တို့အတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၌ ပြည်တွင်း/ပြည်ပ အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ရေသန့်နှင့် အလှူငွေများကို လက်ခံရယူခဲ့ပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကာ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများထံသို့ ဖြန့်ဝေလွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းနှင့် မိသားစုဝင်များအား တပ်မတော်မှ မော်တော်ယာဉ်များနှင့် တပ်မတော်သားများ၏ အကူအညီဖြင့် ယာယီတဲများသို့ ပြောင်းရွှေ့ပေးနေမှုအခြေအနေများ၊ အစားအသောက်နှင့် သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း မန္တလေးမြို့၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူ့ဆေးရုံများနှင့် ရုံးအဆောက်အအုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ မေ ၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အရိုးရောဂါအထူးကုဆေးရုံကြီး၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆေးကုသဆောင်များနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုပြီး လူနာများအား ကျန်းမာရေး စောင့်ရှောက်ကုသပေးနေမှုများနှင့် ရုံးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး၍ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်ကာ အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးစည်ပင်သာယာရေး ကော်မတီရုံးဝင်းအတွင်းရှိ ယာယီဆေးကုသရေးစင်တာ၌ ဂျပန်နိုင်ငံမှ အရေးပေါ်ဆေးအဖွဲ့က ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာများအား ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးသူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်း၌ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများနှင့် စာသင်ဆောင်များအား လှည့်လည်ကြည့်ရှုသည်။ ထို့နောက် သင်ကြားရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်ကာ အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီးတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆေးကုသရေးအဆောင်များနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်လူနာများကို ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးကာ ဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် Under Secretary General Mr. Tom Fletcher တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် မေ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂ၏ တတိယအဆင့်အမြင့်ဆုံးအရာရှိ Under Secretary General နှင့် လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Tom Fletcher ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ်တွင် ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးသင့်ဒေသများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ ငလျင်ဘေးသက်ရောက်သည့် ဒေသများရှိ အဆောက်အအုံပျက်စီးမှုများကြောင့် ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ရေးအတွက် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့အစည်းများ ရောက်ရှိနေသည့် အခြေအနေများ၊ အာဆီယံသဘာဝဘေး အရေးပေါ်ထောက်ပံ့ပို့ဆောင်မှုစနစ်နှင့် နိုင်ငံတကာမှ ငလျင်ဘေးတုံ့ပြန်ဆောင်ရွက်မှုအတွက် ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့နေမှုအခြေအနေများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ပြောကြားသည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Tom Fletcher က မိမိအနေဖြင့် ငလျင်ဘေးသင့်သူ မြန်မာပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း၊ ကုလသမဂ္ဂတွင် ကဏ္ဍအလိုက်ကျွမ်းကျင်ဝန်ထမ်းများ များစွာရှိပါသဖြင့် မြန်မာနိုင်ငံသို့ စေလွှတ်ကူညီပေးရန် အသင့်ရှိပါကြောင်း၊ ယခုလာရောက်ရခြင်းသည် မြေပြင်အခြေအနေများကို သိရှိပြီး လိုအပ်သည့် အကူအညီများပေးနိုင်ရေး ဆွေးနွေးလိုခြင်းကြောင့် ဖြစ်ပါကြောင်း၊ လူသားချင်းစာနာမှုအကူအညီများ ပေးပို့လျက်ရှိပါကြောင်း၊ အကူအညီများပေးအပ်ရာတွင် လူသားချင်းစာနာမှုအကူအညီဆိုင်ရာ အခြေခံမူများနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စင်ကာပူနိုင်ငံ Singapore Civil Defence Force က ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်း



နေပြည်တော် မေ ၆

မတ် ၂၈ ရက်တွင် အင်အားပြင်း ငလျင် လှုပ်ခတ်မှုကြောင့် နေပြည်တော်ရှိ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာတွင် ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ နည်းပညာရပ်များနှင့် ရှာဖွေကယ်ဆယ်ရေးခွေးများ စသည်တို့ကို တစ်ပါတည်းယူဆောင်ကာ မြန်မာနိုင်ငံရှိ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပိုမိုထိရောက်စွာ ပါဝင်ကူညီ ဆောင်ရွက်ခဲ့ရာ စင်ကာပူနိုင်ငံမှ Singapore Civil Defence Force/ Operation Lionheart Contingent အဖွဲ့အား COL Tay Zhi Wei ဦးဆောင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Commander တစ်ဦး၊ Medical Doctor နှစ်ဦး၊ Parmedic လေးဦး၊ Structural Engineer နှစ်ဦး၊ Rescuer ၆၉ ဦး၊ Liaison နှစ်ဦး စုစုပေါင်း ၈၀၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးခွေး လေးကောင်တို့ဖြင့် မတ် ၂၉ ရက် ညနေ ၄ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စင်ကာပူအဖွဲ့အနေဖြင့် မတ် ၂၉ ရက် ညပိုင်းမှစ၍ နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့တွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် Life Sign Assessment ဆောင်ရွက်ပေးခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ၎င်းတို့တပ်ဖွဲ့မှ ယူဆောင်လာသည့် ရှာဖွေကယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများထဲမှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာ အမျိုးအစား ၁၁ မျိုးတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ အသုံးပြုနိုင်ရေးအတွက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ စင်ကာပူနိုင်ငံ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများအား ဖယ်ရှားရှင်းလင်း



နေပြည်တော် မေ ၆

နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ လမ်းများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များမှ အပျက်အစီးများ၊ အန္တရာယ်ရှိသည့် အဆောက်အအုံများအား ဖြိုချခြင်းနှင့် ဖယ်ရှားရှင်းလင်းခြင်းများ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ယာယီထားရှိသည့်နေရာသို့ သွားရောက်ပြီး ရေ၊ မီး၊ မိလ္လာကိစ္စများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ ငလျင်ဘေးဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များသည် သက်ဆိုင်ရာ တာဝန်ရှိသူများအား ယာယီနေထိုင်သူ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးရန်၊ လျှပ်စစ်မီး လုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက်ပေးရန်၊ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းအစီအမံများ ရေးဆွဲပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# ရွှေသာလျောင်းတောင်ပေါ် ကျောက်သေတ္တာအမည်ရှိ ကျောက်တုံးကြီး ပြုတ်ကျမည့်အခြေအနေဖြစ်ပေါ်လျက်ရှိသဖြင့် တောင်ခြေအနီးတစ်ဝိုက်မှ ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်း



နေပြည်တော် မေ ၆

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များကြောင့် ရွှေသာလျောင်းတောင်ပေါ်မှ ကျောက်သေတ္တာအမည်ရှိကျောက်တုံးကြီး ပြုတ်ကျမည့် အခြေအနေဖြစ်ပေါ်လျက်ရှိပြီး တောင်ခြေအနီး တစ်ဝိုက်တွင် နေထိုင်ကြသော ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးထိခိုက်စေနိုင်သည့်အတွက် ဘေးလွတ်ရာတွင် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ရွှေ့ပြောင်းပေးခဲ့သည်။

ထိုသို့ရွှေ့ပြောင်းပေးခဲ့ရာ စုကြီးရပ်ကွက်တွင် အိမ်ခြေ ၅၆ အိမ်၊ အိမ်ထောင်စု ၆၇ စု စုစုပေါင်း လူဦးရေ ၁၃၉ ဦးရှိပြီး ဝေဘူချောင်ရှိ ဆွမ်းလောင်းမဏ္ဍပ်များနှင့် ဇရပ်များသို့ အိမ်ခြေ ကိုးအိမ်၊ အိမ်ထောင်စု ၁၀ စု စုစုပေါင်း လူဦးရေ ၃၃ ဦး ပြောင်းရွှေ့နေထိုင်ကြကာ ကျန်ရှိသူများက ၎င်းတို့၏ ဆွေမျိုးများထံသို့ ရွှေ့ပြောင်းနေထိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အန္တရာယ်ရှိ ကျောက်သေတ္တာကို ဖြိုချဖျက်ဆီးရန် ကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့က ယမန်နေ့တွင် ကျောက်မိုင်းခွဲရန်အတွက် လွန်ဖောက်ခြင်း ဆောက်ရွက်ခဲ့ကြပြီး ယင်းလွန်ဖောက်ခြင်းပြီးဆုံးမှသာ ကျောက်မိုင်းခွဲခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၆

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် အင်အားပြင်း မြေငလျင်လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မင်းချောင်းကျေးရွာအုပ်စု ကျေးစားကုန်း(မြောက်)ရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အဆိုပါ ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းတွင် ခေတ္တနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာနှင့် အလှူငွေများ ပေးအပ်သည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်နေရာများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ညောင်ရွှေမြို့နယ် နန်းဦးကျေးရွာရှိ ဖောင်တော်ဦးဘုရား၊ ကေလာကျေးရွာ၊ ဇရပ်ကြီးကျေးရွာနှင့် ကြာတောကျေးရွာတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

ကလော မေ ၆

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ရှမ်းပြည်နယ်ဦးစီးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းက ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ယာယီရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြား၍ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် ရာဂီမုန်တိုင်းကြောင့် ရေတိုက်စားပျက်စီးသည့် မြို့နယ်ရုံးသစ် ပြန်လည်တည်ဆောက်ရန် မြေသားပြုပြင်ထားရှိမှုနှင့် ချောင်းမြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ပြည်နယ်နှင့်ခရိုင်ဦးစီးမှူးတို့အား လာမည့်ဘတ်ဂျက်တွင် ရုံးသစ်ဆောက်ရန် ခွင့်ပြုချက်ပါပြီးဖြစ်၍ ပြည်နယ်အစိုးရအားတင်ပြကာ တင်ဒါခေါ်ယူဆောင်ရွက်ရေး၊ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။



မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ်ရုံးသို့ ရောက်ရှိပြီး ရာဂီမုန်တိုင်းရေဘေးကြောင့် ပြိုကျပျက်စီးခဲ့သည့် အုတ်တံတိုင်းပြုပြင်ပြီးစီးမှု၊ ရုံးအောက်ပိုင်း ပျက်စီးမှုများ ပြင်ဆင်ပြီး ရုံးပြန်လည်ဖွင့်လှစ်၍ ပုံမှန်ဆောင်ရွက်နေမှု၊ နွေရာသီကာလအင်္ဂလိပ်စာ 4 Skill သင်တန်း၊ ပန်းချီသင်တန်းနှင့် အနုပညာသင်တန်းများဖွင့်လှစ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ယခုငလျင်ဒဏ်ကြောင့် နံရံအချို့အနည်းငယ်သာ အက်ကွဲမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဆောက်လုပ်ရေးအင်ဂျင်နီယာဖြင့် စစ်ဆေးမှတ်တမ်းထားရန် မှာကြားပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြား၍ ဂုဏ်ပြုငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တောင်ကြီးမြို့ ပြည်နယ်ပြန်/ဆက်ရုံးနှင့်ခရိုင်ရုံးသို့ရောက်ရှိပြီး ရုံးအဆောက်အအုံနှင့် လူထုအခြေပြုဗဟိုဌာန၊ စာကြည့်တိုက်တို့ ငလျင်ဒဏ်ကြောင့် အက်ကွဲပျက်စီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများအား အဆောက်အအုံများကို အင်ဂျင်နီယာများ စစ်ဆေးမှုခံယူပြီးမှ အခြေအနေတင်ပြဆောင်ရွက်ရန်၊ ဖွင့်လှစ်ဆဲသင်တန်းများဖြစ်သည့် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ကိုရီးယားစကားပြောနှင့် တရုတ်စကားပြောသင်တန်း၊ ပန်းချီသင်တန်းနှင့် စစ်တုရင်သင်တန်းတို့ကို ခေတ္တရပ်နားထားရန်၊ အဆောက်အအုံအား စစ်ဆေးပြီး လိုအပ်သည်များ ပြုပြင်ပြီး အန္တရာယ်ကင်းမှသာ ပြန်လည်ဖွင့်လှစ်ရန်၊ ရုံးလုပ်ငန်းများကို မြေပြင်တွင် ဆောင်ရွက်ရန်၊ အန္တရာယ်မဖြစ်ရေး သတိပြုဆောင်ရွက်ကြရန်၊ ညနေပိုင်းတွင် ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ စစ်ဆေးပြုပြင်ရန်နှင့် အန္တရာယ်ကင်းစွာနေထိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ပါဝင်ကူညီဆောင်ရွက်

ရန်ကုန် မေ ၆

ပြင်းထန်သော မြေငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တို့တွင် ကြက်ခြေနီစေတနာ လုပ်အားရှင်များက ငလျင်လှုပ်ခတ်မှု စတင်ဖြစ်ပွားခဲ့သော မတ် ၂၈ ရက်မှ စတင်ကာ သက်ဆိုင်ရာကြက်ခြေနီကြီးကြပ်မှုကော်မတီများ၏ ဦးဆောင်မှုဖြင့် ဒေသခံကြက်ခြေနီများက ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပါဝင်ကူညီပေးလျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြေငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုအန္တရာယ် ပိုမိုခံစားခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရန် မေ ၁ ရက်မှစ၍ အခြား တိုင်းဒေသကြီး/ပြည်နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ အသင်းဌာနမှဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် မိတ်ဖက်အမျိုးသားအသင်းများမှ တာဝန်ရှိသူများ ပါဝင်သော Deployment Team အဖွဲ့က သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေး၊ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းဟန်၊ အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာ ရီရီတင်နှင့် အလုပ်အမှုဆောင် ပါမောက္ခဒေါက်တာ တင်မောင်လှိုင်တို့၏ ဦးဆောင်မှုဖြင့် နေပြည်တော်၊ မန္တလေးမြို့၊ အမရပူရမြို့နှင့် စစ်ကိုင်းမြို့တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့်အတူ ရှေးဦးပြုစုခြင်း၊ ရွှေ့လျားဆေးခန်းဖွင့်ကာ ပဏာမကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ အပျက်အစီးများ ရှင်းလင်းခြင်း၊ ကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ပါဝင်ကူညီပေးခြင်း၊ ရေဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ငလျင်ဒဏ်သင့် ပြည်သူများ၏ လိုအပ်ချက်များကို လေ့လာဆန်းစစ်ကာ အကူအညီများ ဆက်လက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ဖြူး၊ တောင်ငူ၊ အုတ်တွင်း၊ ရေတာရှည်မြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ညောင်ရွှေမြို့နယ်တို့တွင် အသင်းခွဲကြက်ခြေနီစေတနာလုပ်အားရှင်များက ငလျင်ကြောင့် ထိခိုက်ခံစားရသူများအား ကူညီကယ်ဆယ်မှုများကို အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ယင်းအပြင် ကရင်ပြည်နယ်မှ Deployment Team ကြက်ခြေနီစေတနာ လုပ်အားရှင်များက ဖြူးမြို့နယ်၊ ရေတာရှည်မြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့်တောင်ငူမြို့နယ်တို့တွင် ကနဦးဆန်းစစ်မှုများကို သွားရောက်လုပ်ကိုင်ကြပြီး အသင်း၏ အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာမြသူ၏ ဦးဆောင်မှုဖြင့် ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာန ညွှန်ကြားရေးမှူး ဦးမြတ်မင်းနိုင်နှင့်အဖွဲ့က အဆိုပါမြို့နယ်များအတွက် လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့်တွေ့ဆုံ၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။

အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့သို့လည်း ဆက်လက်သွားရောက်ကာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့်တွေ့ဆုံ၍ ကူညီဆောင်ရွက်မည့် အစီအစဉ်အတွက် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ကြက်ခြေနီဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင် စေတနာလုပ်အားရှင်များ၏ စွမ်းအားဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပ အလှူရှင်များ၏ လှူဒါန်းမှုများနှင့်အတူ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို ကြက်ခြေနီအခြေခံမူများနှင့်အညီ ဆက်လက်ကူညီဆောင်ရွက်မည် ဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံရေးလက်နက်ဖြစ်လာတဲ့ Fact Checking

နိုင်ငံတကာရေးရာသုတေသီတစ်ဦး

**Fact Checking ဆိုတာ ကိစ္စတစ်ခုခုကို မှန်၊ မမှန် စိစစ်တာပါ။ အချက်အလက်တွေကို စိစစ်တာပါ။ အစီရင်ခံစာတွေ၊ ထုတ်ပြန်ကြေညာချက်တွေ၊ မိန့်ခွန်းတွေကို စိစစ်တဲ့အခါ သုံးလေ့ရှိပါတယ်။**

အရပ်ထဲမှာလည်း နေ့စဉ်ကြုံတွေ့နေရတဲ့ကိစ္စတွေမှာ သုံးလည်းရပါတယ်။ Fact Checking ဆိုတာ ဟိုးအရင်ကတည်းကရှိတယ်။ နေရာတိုင်းမှာရှိတယ်။ စာရေးတဲ့သူဆိုလည်း ဒီစာရေးဆရာရေးတာ မှန်၊ မမှန်ပေါ့။ စာပေဟောပြောတဲ့သူဆိုလည်း သူပြောတဲ့စကား မှန်၊ မမှန်ပေါ့။ နာမည်ကြီးလေ၊ တစ်ခုချင်းလိုက်ထောက်ပြီး ဝေဖန်လေ့ရှိတာ လူ့သဘောသဘာဝတစ်ခုပါပဲ။ Fact Checking ဆိုတာ ပညာရေးမှာလည်းရှိတယ်။ လူမှုရေးမှာလည်းရှိတယ်။ စီးပွားရေးမှာလည်းရှိတယ်။ နိုင်ငံရေးမှာလည်းရှိတယ်။ စာရင်းစစ်တဲ့သဘောဆန်ပါတယ်။

မတူတာက စာရင်းစစ်တာက စစ်တာပဲ။ များသောအားဖြင့် ဌာနတွေ၊ အဖွဲ့အစည်းတွေမှာ စာရင်းစစ်တယ်ဆိုတာ သူ့ဘာသာသူ အတွင်းစာရင်းစစ် (Internal Audit) ပဲဖြစ်ဖြစ်၊ အပြင်စာရင်းစစ် (External Audit) ပဲဖြစ်ဖြစ် ပြီးတော့လည်း ပြီးသွားတာပါပဲ။ အမှားအယွင်းတွေ့လည်း အပြင်မထွက်အောင် အထဲမှာတင် ဝိုင်းဖိ၊ ဝိုင်းငြိမ်းလိုက်ကြတာများပါတယ်။ Fact Checking ကျတော့ အထူးသဖြင့် နိုင်ငံရေးမှာ လူသိရှင်ကြားဖြစ်စေပါတယ်။ ဝိုင်းဝန်းထိန်းကျောင်းတဲ့သဘောပါတယ်။ မဟုတ်မမှန်တာတွေ များမလာအောင်၊ မတရားမှုတွေ ကြီးထွားမလာအောင် ဝိုင်းဝန်းထောက်ပြတဲ့သဘောဖြစ်တယ်။

**ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာ**

Fact Checking ဆိုတဲ့ ဝေါဟာရက အခုတစ်လော အမေရိကန်မှာ အထူးသဖြင့် အမေရိကန်နိုင်ငံရေးမှာ အထူးခေတ်စားပါတယ်။ ခေတ်စားရုံတင်မဟုတ်ဘူး။ Fact Checking ကို နိုင်ငံရေးလက်နက်တစ်ခုအနေနဲ့ပါ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြပါတယ်။ အခုတစ်လောဆိုပေမယ့် Fact Checking အသုံးပြုမှုများလာတာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အမေရိကန်နိုင်ငံရေးမှာ ဒေါ်နယ်ထရမ့်ဆိုတဲ့ နိုင်ငံရေးသမားကြီးတစ်ယောက် ထင်ထင်ရှားရှား ပေါ်ထွက်လာပြီးတဲ့နောက်မှာ ဖြစ်ပါတယ်။

Fact Checking ဆိုတဲ့ သဘောသဘာဝက မှန်၊ မမှန် စိစစ်တာဆိုပေမယ့် အခု အမေရိကန်မှာဖြစ်နေတာကတော့ အမြင်ကတ်ပုဒ်မနဲ့ အသေးစိတ်ကို စောင့်ကြည့်ပြီး တစ်ခုချင်း လိုက်ထောက်နေတာ ဖြစ်ပါတယ်။ အထအနကောက်ပြီး အရှက်ခွဲနေတာပေါ့။ ရည်ရွယ်ချက်ကတော့ ထရမ့်ကို ဟန့်တားတာပေါ့။ အထူးသဖြင့် ထရမ့်ရွေးကောက်ပွဲမဲဆွယ်တဲ့ကာလ၊ သမ္မတဖြစ်တဲ့ကာလတွေမှာ ထရမ့်ပြောတာတွေ အကျအနကောက်ပြီး ဝေဖန်ထောက်ပြတာပေါ့။ မပြောရဲ၊ မဆိုရဲဖြစ်အောင် ဟန့်ထားတာပေါ့။

သို့သော် ထရမ့်အတွက်ကတော့ ရိုးနေပါပြီ။ ၂၀၁၆ မှာ ထရမ့် ပထမအကြိမ် သမ္မတရွေးကောက်ပွဲဝင်ကတည်းက မီဒီယာတွေက ထရမ့်ကို Fact Checking အမြဲလုပ်တယ်။ အပြောမှား၊ အလုပ်မှားပြီဆိုတာနဲ့ တွယ်တာပဲ။ ဒီလူ ငရှီးဆိုပြီး ဝိုင်းလှောင်ကြတယ်။ အရှက်ကွဲစေတာပေါ့။ အဲဒီလို Fact Checking လုပ်နေတဲ့ကြားက ထရမ့်က ရွေးကောက်ပွဲနိုင်သွားတော့ မီဒီယာတွေ အရှက်ကွဲတာပေါ့။ အမေရိကန်လူထုအမြင်မှာက လူတိုင်းအမှားနဲ့မကင်းဘူး။ ထရမ့်နဲ့ အမြင်မတူတဲ့ ဒီမိုကရက်တွေက ပိုတောင်များသေးတယ်။ မင်းတို့က ဒီမိုကရက်အမှားတွေကျတော့ မထောက်ပြဘူး။ ထရမ့်ကိုမှ ပစ်မှတ်ထားတယ်ဆိုပြီး ထရမ့်ကို မဲထည့်လိုက်ကြတော့ ထရမ့်တစ်ယောက် ၂၀၁၆ ရွေးကောက်ပွဲနိုင်ပြီး အမေရိကန်သမ္မတဖြစ်လာတယ်။

အခု ၂၀၂၄ ရွေးကောက်ပွဲမှာလည်း ဒီလိုပဲ။ မီဒီယာတွေက ထရမ့်ကို Fact Checking ကတစ်ဆင့် ဝိုင်းတွယ်ကြပြန်တယ်။ ထရမ့်ကလည်း ဂရုစိုက်မနေဘူး။ ပြောချင်တာပြော၊ လုပ်ချင်တာလုပ်တာပဲ။ ဒါလည်း အမေရိကန်လူထုက ထရမ့်ကို နောက်တစ်ကြိမ် ထပ်ပြီး ရွေးချယ်ပြန်တယ်။ ထရမ့် ၂၀၂၄ ရွေးကောက်ပွဲနိုင်ပြီး နောက်တစ်ကြိမ် အမေရိကန်သမ္မတ ဖြစ်လာပြန်တယ်။

**အမေရိကန်မီဒီယာတွေရဲ့ပစ်မှတ်**

ထရမ့် ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲနိုင်ပြီးနောက် အမေရိကန်မီဒီယာတွေရဲ့ပစ်မှတ်က ထရမ့်အနားက ထရမ့်လူယုံ နည်းပညာသူဌေးကြီး အီလွန်မတ်စ်ဖြစ်လာတယ်။ အီလွန်မတ်စ်ကလည်း ထရမ့်လိုပဲ စကားတွေအလွယ်ပြောတော့ တစ်ခါက်မှာ သူရတဲ့ သတင်းအချက်အလက်တွေထဲကနေ အမေရိကန်ကပေးတဲ့ နိုင်ငံတကာအကူအညီတွေမှာ အရှေ့အလယ်ပိုင်းက ဂါဇာဒေသ (Gaza) ကို ဒေါ်လာသန်း ၅၀ ဖိုး ကွန်ဒုံးတွေ ပေးပို့ထားတာ စိစစ်တွေ့ရှိရတယ်ဆိုပြီး နိုင်ငံတကာအကူအညီတွေရဲ့ အားနည်းချက်ကို ထောက်ပြဝေဖန်တာပေါ့။ နောက်တော့ အီလွန်မတ်စ်ပြောတဲ့ ဂါဇာဆိုတာ အရှေ့အလယ်ပိုင်းက ပါလက်စတိုင်း ဂါဇာ မဟုတ်ဘဲ အာဖရိက မိုဇမ်ဘစ်နိုင်ငံ ဂါဇာ (Gaza)ဖြစ်နေတယ်။ နာမည်တူတာပေါ့။ စာလုံးပေါင်းတူတာပေါ့။ နိုင်ငံဒေသမတူဘူးပေါ့။ မီဒီယာတွေက အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲမှာ ထရမ့်ရှေ့မှာတင် အီလွန်မတ်စ်ကို ဝိုင်းတွယ်ကြတာပေါ့။ အီလွန်မတ်စ်ကလည်း သူမှားပြောမိတယ်ဆိုတာ ဝန်ခံတယ်။ လူဆိုတာမှားတတ်တာပဲ။ ဘယ်သူမှ အမှားမကင်းဘူး။ ဒါပေမဲ့ ကွန်ဒုံးတစ်မျိုးအတွက် ဒေါ်လာသန်း ၅၀ စာရင်းပြထားတာ မဖြစ်သင့်ဘူးဆိုတဲ့သဘော ပြန်ချေပပါတယ်။

> **တကယ်လို့ မီဒီယာတွေသာ မှန်မှန်ကန်ကန်ထောက်ပြခဲ့ပြီး နိုင်ငံတကာစနစ်ကြီးကို တစ်နည်း ယူအင်န်တို့၊ နိုင်ငံတကာအဖွဲ့အစည်းတွေကို ဒီနေရာမှာလုပ်နေတာ ဘယ်လောက်ကြာပြီ၊ ဘယ်လောက်သုံးပြီးပြီ၊ အခု အဲဒီက လူထုဘယ်လောက်ရပြီးပြီ စသဖြင့် နိုင်ငံတကာအဖွဲ့အစည်း အစီရင်ခံစာပါ ကိန်းဂဏန်းအချို့ကိုအခြေခံပြီး နိုင်ငံတကာ အကူအညီတွေရဲ့ ထိရောက်မှုကို လူထုအတွင်း မှန်မှန်ကွင်းဆင်း၊ Fact Checking တွေ လုပ်ခဲ့မယ်၊ လူသိရှင်ကြား ချပြခဲ့မယ်ဆိုရင် ကမ္ဘာ့စနစ်ကြီးကို အတိုင်းအတာတစ်ခုအထိ တည့်မတ်ပေးနိုင်မှာပဲ။ အခုက မီဒီယာကိုယ်တိုင်က နိုင်ငံတကာအဖွဲ့အစည်းတွေဆီက အလှူငွေတွေ လက်ခံရရှိနေရင် ပြောစရာဖြစ်နေမှာပဲ**

အမှန်ကတော့ Fact Checking ဆိုတဲ့ သဘောသဘာဝက ကောင်းပါတယ်။ အမှားကို ထောက်ပြတာပေါ့။ မြန်မာနိုင်ငံမှာဆို နည်းနည်း လူအထင်ကြီးအောင်နေတဲ့သူတွေ များတယ်။ မရှိတာကို အရှိလုပ်နေတဲ့သူတွေ များတယ်။ အသိပညာကွာဟတာကို အကြောင်းပြုပြီး ဟောက်စားလုပ်နေတဲ့သူတွေများတယ်။ သူတို့က အုပ်စုဖွဲ့ထားတယ်။ အကာအကွယ်ယူထားတယ်။ ဒါက တစ်ဦးချင်းကိုပြောတာပေါ့။

**Fact Checking ဆိုတာ လူတိုင်းမှာရှိသင့်တဲ့ အရည်အသွေးတစ်မျိုးဖြစ်**

တကယ်တော့ Fact Checking ဆိုတာ မီဒီယာမှ မဟုတ်ဘူး။ လူတိုင်းမှာရှိသင့်တဲ့ အရည်အသွေးတစ်မျိုးဖြစ်တယ်။ လူဆိုတာ ကိုယ်တိုင်အလိမ်ခံရသူဖြစ်နိုင်သလို ကိုယ်တိုင်လိမ်နေသူလည်း ဖြစ်တတ်ပါတယ်။ သို့သော် Fact Checking ကို လူတွေအများကြီးထဲမှာမှ ကိုယ့်တစ်ယောက်တည်းကိုကွက်ပြီး လာလုပ်ရင်ခံရခက်ကြပါတယ်။ ဆိုလိုတာက လူဆိုတာ ဘယ်သူမှ အမှားမကင်းနိုင်ဘူး။ အချို့က အသေးအဖွဲကအစ အထအနလိုက်ကောက်တာပေါ့။ အထူးသဖြင့် အမျိုးသမီးတွေ စိတ်ကောက်ရင် လုပ်လေ့ရှိတယ်။

ထရမ့် အဲဒီဒဏ်တွေခံရတာပေါ့။ ထရမ့်ဆိုတဲ့ နိုင်ငံရေးသမားကြီးက အမေရိကန်သမိုင်းမှာ အမျိုးသမီးတွေ၊ မီဒီယာတွေရဲ့ အဝေဖန်အခံရဆုံးပုဂ္ဂိုလ်ပဲ။ အမျိုးသမီးထု အမုန်းတီးဆုံးပုဂ္ဂိုလ်ပဲ။ မီဒီယာတွေ မျက်မုန်းအကျိုးဆုံးပုဂ္ဂိုလ်ပဲ။ ထရမ့်တင်မဟုတ်ဘူး။ ထရမ့်အနားက လူတွေအကုန်လုံးကို မျက်မုန်းကျိုးကြတယ်။ အခု အီလွန်မတ်စ်က ထရမ့်အနားမှာ အဓိက လူလိုဖြစ်နေတော့ အီလွန်မတ်စ် ဘာပြောပြော Fact Checking လုပ်နေကြလေရဲ့။

Fact Checking လုပ်တယ်ဆိုတာ မျှတဖို့လည်း လိုပါတယ်။ တစ်ခါတလေ အကြောင်းမဟုတ်ပေမယ့် အမြဲတမ်းကျတော့ မဟုတ်တော့ဘူး။ အငြိုးနဲ့ဖြစ်သွားပြီ။ မြင်ပြင်းကတ်တာဖြစ်သွားပြီ။ ပြစ်ဒဏ်ခတ်သလိုဖြစ်သွားပြီ။ Fact Checking ဆိုတာ မီဒီယာတွေရဲ့ တာဝန်ပဲလေဆိုရင် ဟုတ်ပါတယ်။ မျှတဖို့လိုတယ်ဆိုတာလည်း မမေ့စေချင်ဘူး။ ကိုယ့်ကြောင့် သက်ရောက်မှုက ပြောင်းပြန်ဖြစ်သွားတတ်တယ်။ ဖြစ်လည်းဖြစ်ခဲ့ပြီ။

အခု ထရမ့်ကို နာမည်ကြီး အမေရိကန်သတင်းစာတွေ၊ မီဒီယာတွေအပါအဝင် အဖွဲ့အစည်းပေါင်းများစွာက ပုံစံအမျိုးမျိုးနဲ့ ဝေဖန်ခဲ့ကြတာပဲ။ ရွေးကောက်ပွဲမတိုင်ခင် Fact Checking အများကြီးလုပ်ပြီး ထရမ့်ကို ဆန့်ကျင်ထောက်ပြခဲ့ကြတာပဲ။ အလုပ်ဖြစ်ခဲ့လို့လား။ ထရမ့်ကို ဟန့်တားနိုင်ခဲ့ကြလို့လား။ ထရမ့်အပေါ် Fact Checking နှစ်ပေါင်းများစွာကို လုပ်ခဲ့ကြတာပဲ။ ထရမ့်က အခု ၂၀၂၄ ရွေးကောက်ပွဲမှာမှ နိုင်တာမဟုတ်ဘူး။ အရင်က ၂၀၁၆ ရွေးကောက်ပွဲမှာလည်း နိုင်ခဲ့ဖူးတယ်။ ထရမ့်ကို Fact Checking လုပ်လာခဲ့တာ ၁၀ နှစ်ထဲတောင် ဝင်လာပြီ။

အမေရိကန်လူထုက ထရမ့်ပြောတာတွေ လက်ခံတော့ ထရမ့် သမ္မတဖြစ်တာပဲလေ။ ဒီမိုကရေစီလေ။ ဘာပြောကြမလဲ။ ထရမ့်ဘက်ကလည်း ပြန်ပြီး သူ့ကိုဝေဖန်သူတွေကို Fact Checking လို အသေးစိတ်မဟုတ်ပေမယ့် အဲဒီသဘောဆန်ဆန် ပြန်တုံ့ပြန်တယ်။ ဘယ်သူကျတော့ မပြောဘူး၊ ဘယ်သူက ဘယ်လို၊ ဘယ်အဖွဲ့အစည်းက ခြစားနေတယ်၊ ဘယ်မီဒီယာက ဘက်လိုက်တယ် စသဖြင့် သူ့ဆိုရှယ်မီဒီယာကတစ်ဆင့် ပြန်ပက်ပါတယ်။ အမေရိကန်လူထုက ဟိုဘက်၊ ဒီဘက် Fact Checking လုပ်နေတာ မြင်နေရတယ်။ မီဒီယာတွေဘက်က ထရမ့်ကို Fact Checking လုပ်နေတာကော၊ ထရမ့်ဘက်က မီဒီယာတွေကို Fact Checking လုပ်နေတာကော မြင်နေရတယ်။ နောက်ဆုံး သူတို့က ထရမ့်ကို ရွေးခဲ့ကြတယ်လေ။ ၂၀၂၄ သမ္မတရွေးကောက်ပွဲမဲရလဒ်တွေထွက်လာပြီး ထရမ့်က ပြတ်ပြတ်သားသား အနိုင်ရသွားတော့ ထရမ့်ကို တူးတူးခါးခါး မကြိုက်တဲ့သူတွေ ဆွံ့အသွားတယ်။

ဒီလောက် ထောက်ပြနေတဲ့ကြားက၊ ဒီလောက်မဟုတ်တာ မမှန်တာတွေ ပြောနေတဲ့ကြားက ဘာကြောင့် အမေရိကန်လူထုက ထရမ့်ကို မဲထည့်လိုက်ပါလိမ့်ဆိုပြီး ဖွင့်ပြော၊ ရေးပြောရတဲ့အထိ ဖြစ်ကြရတယ်။ အချို့ကလည်း အမေရိကန်လူထု ပညာရေးအားနည်းမှုကို ထောက်ပြတယ်။ အချို့ကလည်း ထရမ့် ပြိုင်ဘက် ကင်မလာက အမျိုးသမီးဖြစ်နေတာကို ထောက်ပြတယ်။ အချို့ကလည်း ထရမ့်ဘက်မှာ အီလွန်မတ်စ်လို နည်းပညာသူဌေးကြီးတွေရှိနေတာကို ထောက်ပြတယ်။

**ချိတ်ဆက်အလုပ်လုပ်ကြတာဖြစ်**

အမှန်ကတော့လေ မီဒီယာတွေဆိုတာလည်း လူတွေပဲကိုး။ ကိုယ့်အားနည်းချက်ကို ကိုယ်မမြင်ကြဘူး။ အပြန်အလှန်ထိန်းကျောင်းရမှာ ငါတို့တာဝန်ဆိုတာတော့ ဟုတ်ပါတယ်။ တကယ်သာ သူတို့ဘက်မလိုက်ဘဲ မျှမျှတတ ထိန်းကျောင်းခဲ့ရင် ထရမ့်လိုလူမျိုးတွေ အမေရိကန်မှာ ပေါ်မလာနိုင်လောက်ဘူး။ ပေါ်လာလည်း မအောင်မြင်လောက်ဘူး။ အခုက ဟန်ချက်ပျက်နေတဲ့ ကမ္ဘာကြီး၊ အားနည်းလာနေတဲ့ အမေရိကန်နိုင်ငံ၊ ကြီးထွားလာတဲ့ တရုတ်နဲ့ ရုရှား စတာတွေက ထရမ့်လိုလူမျိုးတွေကို ပေါ်ထွက်လာစေတာဖြစ်တယ်။ ဆိုလိုတာက နှစ်ပေါင်းများစွာတည်ရှိနေတဲ့ ကမ္ဘာ့စနစ်ကြီးရဲ့ အားနည်းချက်တွေကို ထောက်မပြကြဘူး။ ဒီနေ့ နိုင်ငံတကာစနစ်ကြီးဆိုတာ ချိတ်ဆက်အလုပ်လုပ်ကြတာဖြစ်တယ်။ လစ်ဘရယ်နိုင်ငံရေးသမားတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အမျိုးသမီးအဖွဲ့အစည်းတွေ၊ လူ့အခွင့်အရေးအဖွဲ့အစည်းတွေ၊ လူသားချင်းစာနာမှုအဖွဲ့အစည်းတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ မီဒီယာတွေ စသဖြင့် ချိတ်ဆက်အလုပ်လုပ်ကြတာဖြစ်တယ်။

နိုင်ငံတကာစနစ်ကြီးရဲ့အဓိက အစိတ်အပိုင်းက ယူအင်န်တို့၊ နိုင်ငံတကာအဖွဲ့အစည်းတို့ပဲ။ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ အားနည်းချက်တွေ အများကြီးရှိတယ်။ ငွေတွေသာသုံးနေတယ်။ ကမ္ဘာကြီးတိုးတက်ကောင်းမွန်မလာဘူး။ စာမျက်နှာ ၁၉ သို့ ❐

❒ စာမျက်နှာ ၁၈ မှ

နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ အများပြည်သူနဲ့က ဟာပြီးရင်း ဟလာတယ်။ အောက်ခြေမှာ လူထုက နိုင်ငံတကာအဖွဲ့အစည်းတွေအပေါ် အမြင်မကြည်လင်မှုတွေက ရှိနေတယ်။ အဲဒါဟာ ဘယ်လိုမှ မကောင်းနိုင်ဘူး။ တစ်နည်း ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်း အထောက်အကူမပြုဘူး။ တကယ်သာ ထရမ့်တို့ USAID ကို စစ်သလို UN ကိုသာ စစ်ကြည့်ပါ။ UN နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကိုသာ Fact Checking လုပ်ကြည့်ပါ။ မေးစရာမေးခွန်းတွေ အများကြီးထွက်လာပါလိမ့်မယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေမှာ အစီရင်ခံစာ အမျိုးမျိုးရှိပါတယ်။ Fact Checking သာ လုပ်ကြည့်ပါ။ ထင်သာမြင်သာမရှိတာ အများကြီးပါပဲ။ ကိန်းဂဏန်းတွေ ဖောင်းပွနေတာအများကြီးပါပဲ။ ဇာတ်နာအောင်ရေးတာမျိုးပေ့ါ။ အလှူငွေများများ ရောက်အောင်၊ ရအောင်ရေးတာမျိုးပေ့ါ။ နောက်ပြီး အဲဒီ အစီရင်ခံစာတွေကိုပဲ အခြေခံပြီး အလုပ်လုပ်ကြတော့ တစ်ခါမှားပြီးရင်၊ တစ်ခါလွဲပြီးရင် ဆက်မှား၊ ဆက်လွဲကြတာပါပဲ။ အဲဒီလိုအချက်အလက်အချို့ကို အခြေခံမှလည်း အလှူငွေတွေကရမှာကိုး။ ဒီလို အလွဲတွေကို အတွင်းကလူတွေက ဘယ်တော့မှ ပြောမှာ မဟုတ်ပါဘူး။ အလွဲအမှားဆိုတာထက် အလုပ်မဖြစ်တာပေ့ါ။ အလဟဿ ရင်းမြစ်တွေ ပြုန်းတီးနေတာပါ။ ပြောလည်း ထူးမှာမဟုတ်ဘူး ဆိုတာ သိနေကြပါတယ်။ ငါတို့က လိုအပ်တဲ့သူတွေအတွက် အလုပ်လုပ်နေတယ်၊ ငါတို့လုပ်နေတဲ့အလုပ်က မွန်မြတ်တယ်၊ ငါတို့နောက်မှာ ကမ္ဘာကြီးရှိတယ် ဆိုတဲ့ ခံစားအသိနဲ့ အချို့အလွဲအမှားတွေကို သိနေ၊ မြင်နေသည့်တိုင် မသိချင်ယောင်ဆောင်ပြီးပဲ ရှေ့ဆက်နေကြတာပါပဲ။ အခုဆို ထရမ့်လိုလူမျိုးတွေပေါ်လာတော့ USAID လိုမျိုး သူနိုင်တဲ့နေရာက စကိုင်တာပေ့ါ။ ထရမ့်ကို Fact Checking လုပ်တော့ ထရမ့်ကလည်း အီလွန်မတ်စ်ကတစ်ဆင့် ပြန်ပြီး Fact Checkingလုပ်တာပေ့ါ။အားလုံးရှုပ်ထွေးကုန်တာပေ့ါ။

**ကမ္ဘာ့စနစ်ကြီးကို**
**အတိုင်းအတာတစ်ခုအထိ**
**တည့်မတ်ပေးနိုင်**

တကယ်လို့ မီဒီယာတွေသာ မှန်မှန်ကန်ကန် ထောက်ပြခဲ့ပြီး နိုင်ငံတကာစနစ်ကြီးကို တစ်နည်း ယူအင်န်တို့၊ နိုင်ငံတကာအဖွဲ့အစည်းတွေကို ဒီနေရာမှာလုပ်နေတာ ဘယ်လောက်ကြာပြီ၊ ဘယ်လောက်သုံးပြီးပြီ၊ အခု အဲဒီက လူထုဘယ်လောက်ရပြီးပြီ စသဖြင့် နိုင်ငံတကာအဖွဲ့အစည်း အစီရင်ခံစာပါ ကိန်းဂဏန်းအချို့ကို အခြေခံပြီး နိုင်ငံတကာ အကူအညီတွေရဲ့ ထိရောက်မှုကို လူထုအတွင်း မှန်မှန်ကွင်းဆင်း၊ Fact Checking တွေ လုပ်ခဲ့မယ်၊ လူသိရှင်ကြား ချပြခဲ့မယ်ဆိုရင် ကမ္ဘာ့စနစ်ကြီးကို အတိုင်းအတာတစ်ခုအထိ တည့်မတ်ပေးနိုင်မှာပဲ။ အခုကမီဒီယာကိုယ်တိုင်က နိုင်ငံတကာအဖွဲ့အစည်းတွေဆီက အလှူငွေတွေ လက်ခံရရှိနေရင် ပြောစရာဖြစ်နေမှာပဲ။ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ သဘောသဘာဝကိုယ်တိုင်က နှုတ်ပိတ်တဲ့နေရာမှာ အထူးတော်တယ်။ အားလုံးကို နိုင်သလောက် သူတို့လှေထဲဆွဲသွင်းတယ်။ လှေမြုပ်ရင် အားလုံးပဲလေ။

**❝ Fact Checking ဟာ နိုင်ငံရေးလက်နက်လို ဖြစ်လာနေတာတော့အမှန်ပဲ။ နိုင်တဲ့သူက သမိုင်းရေးတာဆိုတော့ ဘတစ်ပြန်၊ ကျားတစ်ပြန် ဖြစ်နေမှာပဲ။ အဲဒါကောင်းတော့ မကောင်းဘူး။ Fact Checking ဆိုတဲ့ သဘောသဘာဝက ကောင်းတယ်။ မှားနေတာ၊ လွဲနေတာကို အချက်အလက်နဲ့ စိစစ်ဖော်ထုတ်တာ မကောင်းဘယ်ရှိပါ့မလဲ။ သို့သော် အဲဒီ Fact Checking ကို လုပ်တဲ့သူတွေက အရောင်ရှိတဲ့လူတွေဖြစ်နေရင် ကြာရင် ပြဿနာကရှိလာမှာပဲ။ အနည်းနဲ့အများ ဘက်လိုက်မှုတွေကတော့ ရှိနေမှာပဲ။ Fact Checking သဘောသဘာဝပုံပျက်သွားရင် ကြောက်ဖို့ကောင်းတယ် ❞**

ပရောဂျက်တွေ အဆင်မပြေလည်း သက်ဆိုင်ရာအာဏာပိုင်တွေက မပူးပေါင်းမဆောင်ရွက်လို့ စသဖြင့် အပြစ်တင်ပြီး မှန်တာတွေကော၊ မှားတာတွေကော အကုန်ရောထွေးလုံးချပြီး အစီရင်ခံစာတွေမှာ ကြည့်ကောင်းအောင်၊ အဆင်ပြေအောင် ရေးကြတော့တာပါပဲ။ အတွင်းက အစီရင်ခံစာရေးသူတွေဆိုတာလည်း ဘယ်မှာ Fact Checking လုပ်နိုင်မှာလဲ။ သူတို့ကလည်း Fact Checking မလုပ်၊ သူတို့ကိုလည်း Fact Checking လုပ်မယ့်သူမရှိ၊ တစ်ခါလာလည်း ဒါပဲ၊ နောက်တစ်ခါ လာလည်း ဒါပဲ ပြန်ပြန်ကျော့ပြီး အတိုးအလျှော့နည်းနည်းလုပ် ရှေ့ဆက်နေကြတာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီ။

ကမ္ဘာကြီးက တဖြည်းဖြည်းပြိုလဲလာပြီ။ အမေရိကန်လည်း အားနည်းလာပြီ။ ဥရောပလည်း အားနည်းလာပြီ။ ကမ္ဘာတစ်ဝန်း အကူအညီပေးရမယ့်လူတွေက ပိုလို့သာတိုးလာတယ်။ အလှူငွေတွေ (ဘတ်ဂျက်တွေ) သာ ပိုတောင်းတယ်။ ပုံမှန် လူသားချင်းစာနာမှု အလှူငွေပေးတဲ့ အနောက်နိုင်ငံတွေလည်း ပန်းလာပြီ။ နိုင်ငံတကာအဖွဲ့အစည်း အကူအညီတွေ လုံးလုံးမထိရောက်ဘူးပြောနေတာ မဟုတ်ပါဘူး။ ထိရောက်မှုနည်းပြီး သိပ်ကြာလာတဲ့အခါ အီလာတယ်၊ ပုံစံခွက်ကြီးလိုဖြစ်လာတယ်လို့ဆိုလိုတာပါ။ နောက်ဆုံး ထရမ့်က အဲဒီလိုအဖြစ်အပျက်တွေကို သူ့ထောက်ခံသူတွေကို ချပြပြီး common sense ဆိုတာ တွင်တွင်သုံးရင်း ရွေးကောက်ပွဲနိုင်ပြီး သမ္မတဖြစ်လာတော့တာပါပဲ။

အခု အီလွန်မတ်စ်ကို Fact Checking လုပ်တဲ့အခါ အီလွန်မတ်စ်က ဟုတ်တယ်၊ သူမှားပြောမိတာရှိမယ်၊ မှားလုပ်မိတာရှိမယ်၊ သို့သော် မှားတယ်ဆိုတာ သေချာရင် ချက်ချင်းပြင်မယ်၊ အကြာကြီးမထားဘူးဆိုပြီး ပြောတယ်။ သဘောက သူအခုစိစစ်နေတဲ့ USAID လို၊ နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းတွေဟာ အမှားတွေ၊ အလွဲတွေ နှစ်ပေါင်းများစွာ လုပ်ခဲ့တယ်။ အရင်ကတည်းက နိုင်ငံတကာအကူအညီတွေ မထိရောက်ဘူးဆိုတာ ပြောခဲ့ကြတယ်။ မပြင်ခဲ့ဘူး။ အခု ထရမ့်အစိုးရကို အဲဒါတွေပြင်ဖို့ မဲဆန္ဒရှင်တွေက ရွေးချယ်ခဲ့တယ်။ ထရမ့်အောက်မှာ သူလုပ်တယ်။ သူ့ကို တာဝန်ပေးလို့ လုပ်တယ် စသဖြင့် ပြောတယ်။

**ဘတစ်ပြန်၊ ကျားတစ်ပြန်**
**ဖြစ်နေမှာပဲ**

လောလောဆယ်မှာကတော့ မီဒီယာတွေလည်း များများစားစား ပြန်မပြောနိုင်ကြဘူးဖြစ်တယ်။ ဘာပဲပြောပြော Fact Checking ဟာ နိုင်ငံရေးလက်နက်လို ဖြစ်လာနေတာတော့အမှန်ပဲ။ နိုင်တဲ့သူက သမိုင်းရေးတာဆိုတော့ ဘတစ်ပြန်၊ ကျားတစ်ပြန် ဖြစ်နေမှာပဲ။ အဲဒါကောင်းတော့ မကောင်းဘူး။ Fact Checking ဆိုတဲ့ သဘောသဘာဝကကောင်းတယ်။ မှားနေတာ၊ လွဲနေတာကို အချက်အလက်နဲ့ စိစစ်ဖော်ထုတ်တာ မကောင်းဘယ်ရှိပါ့မလဲ။ သို့သော် အဲဒီ Fact Checking ကို လုပ်တဲ့သူတွေက အရောင်ရှိတဲ့လူတွေဖြစ်နေရင် ကြာရင် ပြဿနာကရှိလာမှာပဲ။ အနည်းနဲ့ အများ ဘက်လိုက်မှုတွေကတော့ ရှိနေမှာပဲ။ Fact Checking သဘောသဘာဝပုံပျက်သွားရင် ကြောက်ဖို့ကောင်းတယ်။

သူတို့ အစိုးရတွေ၊ နိုင်ငံရေးသမားတွေ အချင်းချင်း Fact Checking လုပ်နေကြတာတော့ မပြောလိုဘူး။ သူများပြည်တွင်းရေးလည်း ဝင်စွက်လို့မရဘူး။ စာရေးသူတို့လုပ်နိုင်တာ နိုင်ငံတကာစနစ်ကြီး တစ်နည်း ယူအင်န်တို့၊ နိုင်ငံတကာအဖွဲ့အစည်းတွေကို ထိန်းကျောင်းနိုင်တဲ့ လွတ်လပ်တဲ့ Fact Checking အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာဖို့ အကြံပြုလို့ရတယ်။ ဒီလို အကြံပြုတာ ကမ္ဘာတစ်ဝန်း ယူအင်န်တို့၊ နိုင်ငံတကာအဖွဲ့အစည်း လုပ်ဆောင်မှုတွေ ပိုထိရောက်လာစေဖို့ တစ်နည်း တာဝန်ယူမှု၊ တာဝန်ခံမှုပိုရှိလာအောင် ဖြစ်ပါတယ်။

ယူအင်န်ကို ကမ္ဘာ့အစိုးရတွေက စုပေါင်းဖွဲ့စည်းသလိုပဲ နိုင်ငံတကာ Fact Checking အဖွဲ့အစည်းကိုလည်း နိုင်ငံတကာကပဲ အသိအမှတ်ပြု ထူထောင်ပေးရမယ်။ အမှန်တကယ် အလုပ်ဖြစ်တဲ့ Fact Checking အဖွဲ့အစည်းတစ်ခု ဖြစ်ရမယ်။ ယူအင်န်ဟာ မည်သည့်အစိုးရ၊ မည်သည့်အဖွဲ့အစည်း လက်အောက်ခံမှ မဟုတ်သလို နိုင်ငံတကာ Fact Checking အဖွဲ့အစည်းဟာလည်း အစိုးရတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ကင်းလွတ်ရမယ်။ စုံစမ်းစစ်ဆေးဖို့မဟုတ်ဘူး။ စောင့်ကြည့်ကြပ်မတ်ဖို့ ဖြစ်တယ်။ အနည်းဆုံး အပြင်ကအချက်အလက်တွေ စုဆောင်း၊ ယူအင်န်ထုတ်ပြန်ချက်တွေနဲ့ တိုက်ဆိုင်စိစစ်၊ ကမ္ဘာကိုချပြတဲ့ အဖွဲ့အစည်းဖြစ်ရမယ်။ လိုအပ်လို့ အချက်အလက်တွေတောင်းခံရင် ပူးပေါင်းဆောင်ရွက်ရမယ်။

နိုင်ငံတကာ Fact Checking အဖွဲ့အစည်း လည်ပတ်ဖို့အတွက် သီးသန့်ဘတ်ဂျက်တစ်ခု ရှိရမယ်။ လိုအပ်ရင် ယူအင်န်ဘတ်ဂျက်ထဲက ခွဲဝေအသုံးပြုရမယ်။ နိုင်ငံတကာ Fact Checking အဖွဲ့အစည်းကိုလည်း မီဒီယာက စောင့်ကြည့်ရမယ်။ မည်သူမဆို မေးမြန်းနိုင်ရမယ်။ အားလုံးက အပြန်အလှန် ထင်သာမြင်သာရှိရမယ်။ အပြစ်ရှာအရေးယူမယ့်အဖွဲ့အစည်းမဟုတ်ဘဲ ထိန်းကျောင်းတည့်မတ်ပေးတဲ့အဖွဲ့အစည်း ဖြစ်ရမယ်။ လူသိရှင်ကြား ဖွင့်ထုတ်ပြောကြားမယ့် အဖွဲ့အစည်းဖြစ်ရမယ်။ လိုအပ်ရင် ပုဆိုးဆွဲချွတ် အရှက်ခွဲသင့်ခွဲရမယ်။ ကမ္ဘာ့အခွန်ထမ်းပြည်သူတွေနဲ့ ကမ္ဘာ့အကူအညီလိုအပ်နေသူတွေကို တိုက်ရိုက်သတင်းမျှဝေတဲ့ အဖွဲ့အစည်းဖြစ်ရမယ်။

**တွေ့ရှိချက်တွေကို**
**လူသိရှင်ကြား ထုတ်ပြန်ပေးရမယ်**

နိုင်ငံတကာအဖွဲ့အစည်းတွေ အလှူငွေ (ကမ္ဘာ့အခွန်ထမ်း ပြည်သူ့ငွေ) တွေ ဘယ်လိုသုံးတယ်၊ ဘယ်လောက်သုံးတယ်၊ ဘယ်နေရာမှာသုံးတယ်၊ ဘယ်လောက်ကြာပြီ၊ လိုအပ်သူတွေဆီ ဘယ်လောက်အထိ ရောက်တယ်၊ အလှူငွေက ဒေါ်လာတစ်သိန်းဆို လိုအပ်တဲ့သူတစ်ယောက် ဘယ်လောက်ရတယ်၊ လုပ်နေတဲ့နေရာက တိုးတက်မှုရှိ၊ မရှိ စသဖြင့် ယူအင်န်၊ နိုင်ငံတကာအဖွဲ့အစည်း အစီရင်ခံစာတွေကော၊ အပြင်လေ့လာမှုတွေကော အသုံးပြုပြီး အများပြည်သူ နားလည်လွယ်အောင် Fact Checking လုပ်၊ တွေ့ရှိချက်တွေကို လူသိရှင်ကြား ထုတ်ပြန်ပေးရမယ်။

အမေရိကန်မှာ အခု အီလွန်မတ်စ်တို့လုပ်နေတဲ့ အစိုးရစွမ်းဆောင်ရည်စိစစ်ရေးဌာန (Department of Government Efficiency–DOGE) နဲ့တော့ မရောစေချင်ဘူး။ DOGE က အမေရိကန်သမ္မတ ခွင့်ပြုချက်နဲ့ သမ္မတက တာဝန်ပေးတဲ့သူက အစိုးရဌာနတွေကို ဝင်စစ်တဲ့သဘော၊ အတင်းအကျပ်လုပ်လို့ရတယ်၊ အခွင့်အာဏာရှိတယ်။ အခုအကြံပြုတဲ့ နိုင်ငံတကာ Fact Checking အဖွဲ့အစည်းက အမိန့်အာဏာနဲ့လုပ်လို့မရဘူး။ ဖော်ထုတ်ဖွင့်ချထောက်ပြလို့ပဲရမယ်။ လူထုကတစ်ဆင့် ဖိအားပေးလို့ပဲရမယ်။ ဒါမှမဟုတ်လည်း လူထုကို နားလည်အောင် ရှင်းပြပြောဆိုနိုင်တယ်။ ကမ္ဘာကြီးက သူ့ကို ခွင့်ပြုဖို့လိုတယ်။ ကမ္ဘာကြီးက သူ့ကို တာဝန်ပေးဖို့လိုတယ်။

တကယ်လုပ်နိုင်ရင် နိုင်ငံတကာ Fact Checking အဖွဲ့အစည်းဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆုတောင် ရသွားနိုင်ပါတယ်။ Fact Checking ကို နိုင်ငံရေးလက်နက်တစ်ခုဆိုတာထက် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေမယ့် အဖွဲ့အစည်းတစ်ရပ်အဖြစ် တည်ထောင်နိုင်ဖို့အထိ နိုင်ငံတကာက စဉ်းစားစေချင်ပါတယ်။ ။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော**
**Website နှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm
၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၅။ Myawady Webportal
https://myawady.net.mm
၆။ Myanmar National Portal
https://myanmar.gov.mm

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပုသိမ် ဧပြီ ၆

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာရှိ တောင်သူဦးမင်းဟိန်းနှင့် တောင်သူဒေါ်နန်းဝိုင်းတို့၏ နေကြာစံပြကွက်အား ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နေကြာစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပုသိမ်မြို့နယ်၏ နေကြာစံပြကွက်ဖြစ်သောကြောင့် အောင်မြင်ဖြစ်ထွန်းမှု၊ အပင်ကြီးထွားနှုန်းနှင့် အထွက်နှုန်းတိုးပွားရေး ဂရုစိုက်ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေးလုံလောက်စွာရရှိရေး သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာရှိ တောင်သူဦးနေစိုး၏ နှမ်းစပါး(ထိုင်းနံ့ကောက်)စိုက်ခင်း ငါးဧက စံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါ နှမ်းစပါးရိတ်သိမ်းရာတွင် အထွက်နှုန်း တစ်ဧကလျှင် အခြောက် ၁၄၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ကျုံကြီးကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာရှိ ဦးခင်အောင်၏ ဘဲမွေးမြူရေးခြံသို့သွားရောက်ရာ ဘဲမွေးမြူနေမှုအခြေအနေများ၊ ဘဲသားပေါက်များ မွေးမြူထားရှိမှုများ၊ ပျမ်းမျှဥနှုန်း၊ ဘဲဥဖြန့်ဖြူးနေမှုများ၊ အစာကျွေးမွေးမှု၊ အစာဈေးနှုန်းသက်သာအောင် ဆောင်ရွက်နိုင်ရေးနှင့် ဘဲဥများ ဈေးကွက်အတွင်း တင်ပို့ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေးနှင့် အကောင်ရေတိုးချဲ့မွေးမြူနိုင်ရေး၊ ပြည်သူများထံ သက်သာသောဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်မြို့နယ် ကြခတ်ချောင်ကျေးရွာရှိ ဦးဝေလင်းထွန်း၏ အသားတိုးဝက် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးခြံတာဝန်ရှိသူတစ်ဦးက ရောဂါပိုးမွှားထိန်းချုပ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ မွေးမြူထားရှိမှုများကို လိုက်လံရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စားသုံးသူများထံသို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး၊ ဆက်လက်တိုးချဲ့မွေးမြူရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၇၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၊ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိ

နေပြည်တော် ဧပြီ ၆

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၇၇၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရ တင်သွင်းနေသည့် စားအုန်းဆီ တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၉၅ ဒေါ်လာရှိခဲ့ရာမှ မတ်လစတုတ္ထပတ်တွင် ၁၂၀၂ ဒေါ်လာဖြစ်ပြီး ၉၃ ဒေါ်လာခန့်ကျဆင်းခဲ့ရာ ပြည်တွင်းလက်ကားရည်ညွှန်းဈေး တစ်ပိဿာဈေးနှုန်းမှာ ဇန်နဝါရီ ၁ ရက်တွင် ငွေကျပ် ၇၂၈၀ ဖြစ်ခဲ့ရာမှ ဧပြီ ၇ ရက်တွင် ငွေကျပ် ၆၇၇၀ သို့ ကျဆင်းလာခဲ့သဖြင့် လေးလတာကာလအတွင်း ငွေကျပ် ၅၁၀ ကျဆင်းလာကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၄-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၅ | ၄၅၀၅ | ၃၃၆၅ | ၃၀၉၀ | ၃၀၉၀ | ၃၁၆၀ | ၃၁၂၅ | ၃၁၅၀ | ၃၄၀၅ |
| 95 Ron | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | ၄၅၆၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၁၉၅ | ၃၄၅၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၅၉၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၃၀ | ၂၆၅၀ | - | ၂၉၄၅ | ၂၆၇၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၀၅ | ၂၇၂၅ | ၂၉၀၅ |
| HSD (50 ppm) | ၃၁၉၀ | ၃၃၀၅ | ၃၂၇၀ | ၃၂၀၅ | ၃၃၁၀ | ၃၃၂၅ | ၃၃၄၀ | ၃၂၆၀ | ၄၈၃၀ | ၃၅၅၅ | ၃၂၈၀ | ၃၂၈၀ | ၃၃၅၀ | ၃၃၁၅ | ၃၃၃၅ | ၃၅၉၅ |
| HSD (10 ppm) | ၃၁၉၀ | ၃၃၀၅ | ၃၂၇၀ | ၃၂၀၅ | ၃၃၁၀ | ၃၃၂၅ | ၃၃၄၀ | ၃၂၆၀ | - | ၃၅၅၅ | ၃၂၈၀ | ၃၂၈၀ | ၃၃၅၀ | ၃၃၁၅ | ၃၃၃၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၃၃ | ၂၉၂၃ |
| 95 Ron | ၂၈၈၀ | ၂၉၇၀ |
| HSD (500 ppm) | ၂၄၂၃ | ၂၅၁၁ |
| HSD (50 ppm) | ၃၀၁၅ | ၃၁၀၅ |
| HSD (10 ppm) | ၃၀၁၅ | ၃၁၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ကျုံပျော်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး

ကျုံပျော် ဧပြီ ၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းကို ကျုံပျော်မြို့နယ် အထောင်မြို့၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်စိန်ဘွင့်၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲလွင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အထောင်မြို့ အမှတ်(၁)ရပ်ကွက်မှ ထွန်းမေတ္တာ ပီလောပီနံစက်ရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းပေါ်ရှိ (၂၉)ရပ်ကွက်၊ (၃၂)ရပ်ကွက်၊ (၃၄)ရပ်ကွက်နှင့် (၃၅)ရပ်ကွက်တို့အတွင်း မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပွားစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် အိမ်ခြေ ၁၁၀ ကို တစ်အိမ်တက်ဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများရောက်ရှိ

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော် အစိုးရအနေဖြင့် ငလျင်ဒဏ်သင့် ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အချိန်နှင့် တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှလူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပါကစ္စတန်နိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် ဆေးဝါးများ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒုတိယအကြိမ် ရောက်ရှိသည်။



အဆိုပါ ကူညီကယ်ဆယ်ရေး ပစ္စည်းများတွင် မိုးကာတဲ၊ တစ်ကိုယ်ရေသုံး ပစ္စည်းများ၊ တာပေါ်လင်၊ ဆေးဝါးများ၊ (MRE) အသင့်စားအစားအစာများ စုစုပေါင်း ၃၃၃၀ kg ပါဝင်ပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Imran Haider နှင့်သံရုံးတာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ရောက်ရှိလာသည့် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်း ကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိ

**နေပြည်တော် ဧပြီ ၆**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်မြေငလျင်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ယင်းဒေသများမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါလေယာဉ်ဖြင့် ဆေးပစ္စည်းများနှင့် အသက်ရှူကိရိယာများ ၃၂၈၈ kg ပါရှိပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးက လက်ခံရယူကာ ရောက်ရှိလာသည့် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဝတီဖောင်ဒေးရှင်းက ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် မန္တလေး မစိုးရိမ်တိုက်သစ်အား ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်၊ အလှူငွေများလှူဒါန်း

**မန္တလေး ဧပြီ ၆**

ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရေဝတီ ဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် စာသင်တိုက်အား မန္တလေးမြို့တော် စည်ပင်မှ တာဝန်ရှိသူများနှင့် ဆွေးနွေး တိုင်ပင်၍ စက်ယာဉ်ယန္တရားများ၊ Max Myanmar Construction မှ Supervisor၊ Operator တို့ဖြင့် တာဝန်ယူ ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

**လှူဒါန်း**

ထို့အတူ ကျောင်းဆောင်ကြီး ပြိုကျမှုကြောင့် ပျံလွန်တော်မူခဲ့သည့် သံဃာတော် ၂၆ ပါး၊ ဆေးကုသမှုခံယူနေသည့် ဒဏ်ရာရ သံဃာတော် ၄၉ ပါးတို့အတွက် ငွေကျပ်သိန်း ၇၅၀၊ စာသင်သားသံဃာတော်အပါး ၅၀၀တို့အတွက် ငွေကျပ်သိန်း ၁၅၀ နှင့် ဆွမ်း ၁၀ ရက်စာအတွက် ငွေကျပ်သိန်း ၃၅၀၊ ဆန်အိတ် ၂၅၀ စုစုပေါင်း ငွေကျပ်သိန်း၁၄၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ကိုမိုး**



# တပ်ကုန်းမြို့နယ်၌ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း ဧပြီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ငလျင်ဘေးကြောင့် ပျက်စီးခဲ့သည့် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် နွေစပါးစိုက်ပျိုးရေပေးဝေနိုင်ရေး နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။ ဦးစွာ ချမ်းမြေ့မြိုင်ရိပ်သာတွင် ဆရာတော်ကြီးစံကျောင်းနှင့် နှစ်ယောက်တွဲယောဂီဆောင် ၁၃ ဆောင်၊ ဆွမ်းစားဆောင်အကြီး/အသေးနှစ်ဆောင်၊ တရားထိုင်ဓမ္မာရုံ၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်၊ ရေသန့်စက်ထိခိုက်မှုများကို ကြည့်ရှုခဲ့ပြီး ကျောင်းထိုင်ဆရာတော်ထံ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် မြောက်မြို့ကျေးရွာ၌ ငလျင်ဒဏ်ကြောင့် လူနေအိမ် တစ်စိတ်တစ်ပိုင်းပျက်၊ ပြိုလဲ အိမ်ထောင်စုဝင်များနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ သောက်သုံးရေများ ပေးဝေမှုကို ကြည့်ရှုကာ ဆန်၊ ဆီ၊ ငါးသေတ္တာနှင့် ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်လှူဒါန်းသည်။



ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဆင်သေရေလွှဲဆည်မှ နွေစပါးစိုက်ပျိုးရေပေးဝေနိုင်ရေး ကြည့်ရှုပြီး ပြင်အင်းဆုတောင်းပြည့်ဘုရားဝင်းအတွင်း ငလျင်ဘေးကြောင့် ပျက်စီးခဲ့သည့် စေတီပုထိုးတော်များနှင့် သာသနိကအဆောက်အအုံများကို ကြည့်ရှုသည်။ ဆက်လက်၍ ဆရာစံရပ်ကွက်၊ မဟာဇေက ပရိယတ္တိစာသင်တိုက်အတွင်းရှိ သာသနိကအဆောက်အအုံ များကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏရပထံ သင်္ကန်းနှင့် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ခေါက်ဆွဲခြောက်၊ ကြက်ဥများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန် အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## လျှော်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသောသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

## ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့်အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကိုပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။




မတ်လ၊ ၂၀၂၅ ခုနှစ်

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသော နေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၅)



## ဟိုင်းကြီးကျွန်းမြို့ ချောင်းဝကျေးရွာအုပ်စု၌ အေးမေတ္တာတံတားဖွင့်ပွဲ ကျင်းပ

ဟိုင်းကြီးကျွန်း မေ ၆

ဧရာဝတီ တိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ချောင်းဝကျေးရွာအုပ်စုတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မြစိမ်းရောင် ငါးကဏ္ဍစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းနှင့် အများပြည်သူ စုပေါင်းငွေဖြင့် ဆောက်လုပ်သော အေးမေတ္တာ တံတားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဟိုင်းကြီးကျွန်းမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းစံ၊ ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက တံတားဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ တံတားသည် ကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၁၂၀၊ တံတားအကျယ် ၁၁ ပေကျယ်၍ စီမံကိန်းမှ အတိုးရငွေ ၅၀ ရာခိုင်နှုန်း (ကျပ် ၁၁၅၀၀၀၀၀)၊ ကျေးရွာလူထုထည့်ဝင်ငွေ ကျပ် ၄၄၀၀၀၀၀၀ တို့ဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အေးမေတ္တာတံတား တည်ဆောက်နိုင်ခဲ့သည့်အတွက် ချောင်းဝကျေးရွာ အုပ်စုတွင် နေထိုင်ကြသည့် မိဘပြည်သူများ သွားလာရေး လွယ်ကူမြန်ဆန်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိုင်းကြီးကျွန်း(ပြန်/ဆက်)**

# မဟာကွဲပြားမှုကြီးဆီသို့ ...

**✻ နီဇော်သစ်**

မဟာကွဲပြားမှုကြီး ဘယ်ကစခဲ့သလဲ ဆိုသည်နှင့်ပတ်သက်၍ ပညာရှင်များ အကြား အငြင်းပွားမှုများစွာရှိနေဆဲ။ အများစုက စက်မှုတော်လှန်ရေးကို ထောက်ပြကြသည်။ ကျွန်တော်ကတော့ နည်းပညာ ရှုထောင့်မှနေ၍ ထိုကွဲပြားမှု ကြီးမှာ ၁၅ ရာစု အလယ်ပိုင်း ဂျိုဟန် နက်စ် ဂူတင်ဘတ်က ပုံနှိပ်စက်တီထွင် ခဲ့သည်မှ စတင်ခဲ့သည်ဟု ယုံကြည် သည်။ ခရစ်ယာန်ဘုရားကျောင်းတော် အတွက် သမ္မာကျမ်းစာများ ရိုက်နှိပ်ပေး ရန် ရည်ရွယ်ခဲ့သော ဂူတင်ဘတ်၏ ပုံနှိပ်စက်သည် ကဏ္ဍတိုင်းသို့ ပျံ့နှံ့စိမ့်ဝင် နိုင်ခြင်း၊ အချိန်နှင့်အမျှ တိုးတက်ပြောင်း လဲခြင်း၊ ဆန်းသစ်တီထွင်မှု အသစ်များ နှင့် လိုက်လျောညီထွေရှိခြင်း ဆိုသော အထွေထွေသုံး နည်းပညာတစ်ရပ်၏ ဂုဏ်သိက္ခာများနှင့် ကိုက်ညီသည့်အပြင် ဘာသာရေး၊ သိပ္ပံပညာ၊ ပညာရေး၊ အုပ်ချုပ်ရေး၊ စစ်ရေး၊ အထူးသဖြင့် နိုင်ငံရေး အပြောင်းအလဲများစွာကို ဖြစ်စေကာ လက်ခံအသုံးပြုခြင်းနှင့် ငြင်းပယ်ပိတ်ပင်ခြင်း သို့မဟုတ် နှောင့်နှေး ခြင်းတို့အကြား ကြီးမားသော ပါဝါ ပြန်လည်ဖြန့်ဝေမှုကို ဖြစ်စေရာမှ မဟာ ကွဲပြားမှုကြီးအထိ ဖြစ်လာစေခဲ့သည်ဟု ဆိုချင်ပါသည်။

ရှေ့ဆောင်းပါးများတွင် အကြိုသမိုင်း ခေတ် အထွေထွေသုံးနည်းပညာများ အကြောင်းဖော်ပြခဲ့ရာ စာရေးခြင်း နည်းပညာသည် သမိုင်းမှတ်တမ်းကို ဖြစ်စေ၍ အကြိုသမိုင်းခေတ်ကို ပြီးဆုံး စေပြီး သမိုင်းမှတ်တမ်းဝင်ခေတ်ကို ဖြစ်စေခဲ့ကြောင်းဆိုခဲ့ပြီ။ ယခုပုံနှိပ်စက် နည်းပညာမှာ သမိုင်းမှတ်တမ်းဝင်ခေတ် ၏ ပထမဆုံး အထွေထွေသုံးနည်းပညာ ဖြစ်သည်။ အကြိုသမိုင်းခေတ်၏ ကြီးမား သော အပြောင်းအလဲကြီးများကို ဖြစ်စေ ခဲ့သည့် ဘာသာစကားတီထွင်မှု၊ စာအရေး အသားတီထွင်မှုတို့လို အထွေထွေသုံး နည်းပညာများနှင့် တိုက်ရိုက်ဆက်စပ်နေ ပြီး ထိုနည်းပညာများလိုပင် လူသားတို့၏ သမိုင်းကို ကြီးကြီးမားမား ပြောင်းလဲစေခဲ့ သည်။

ထိုသို့ ကြီးမားသော အပြောင်းအလဲ၏ အစမှာ ထိုခေတ်က စစ်ရေးအင်အား အကြီးဆုံး အော်တိုမန် အင်ပါယာတို့ စီးပွားရေးအင်အားအကြီးဆုံး မင်မင်းဆက် ၏ တရုတ်ပြည်တို့တွင် ပေါ်ထွက်ခဲ့ခြင်း မဟုတ်ဘဲ ဥရောပအမှောင်ခေတ်ဟုလည်း ခေါ်ကြသည့် အလယ်ခေတ် ဥရောပတွင် ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ ဘာသာရေး အတွက် ရည်ရွယ်ခဲ့သည့် နည်းပညာ ဖြစ်သော်လည်း မည်သည့်စာပေအမျိုး အစားကိုမဆို ရိုက်နှိပ်ဖြန့်ဝေနိုင်စွမ်း မြင့်တက်လာစေခြင်းက အသိပညာကို ပိုမိုဖြန့်ဝေပေးနိုင်စေခဲ့သည်။ ပုံနှိပ်စက် မတိုင်ခင် အသိပညာတို့ကို ဘာသာရေး၊ နိုင်ငံရေး လူ့မလိုင်တစ်စုကသာချုပ်ကိုင် ထားခဲ့သည်ဟုဆိုနိုင်သည်။ ပုံနှိပ်စက် ပေါ်ထွက်လာပြီးနောက် အထူးခြားဆုံး အပြောင်းအလဲကို ဘာသာရေးတွင် မြင်တွေ့ရသည်။ ဂူတင်ဘတ်က ရောမ ကျောင်းတော်အတွက် အကျိုးပြုစေရန် ရည်ရွယ်တီထွင်ခဲ့သော နည်းပညာသည် သမ္မာကျမ်းကို လူတိုင်းနီးပါး ဖတ်နိုင်လာ သည့် အနေအထားသို့ ရောက်သွားစေပြီး ဘာသာရေး ပြုပြင်ပြောင်းလဲမှုများကို ဦးတည်စေခဲ့သည်။ အထူးသဖြင့် မာတင် လူသာ၏ ကျမ်း ၉၅ စောင်ကို ပုံနှိပ်ဖြန့်ဝေ နိုင်ခဲ့ရာ ပရိုတက်စတင့် ပြုပြင်ပြောင်းလဲ ရေး လှုပ်ရှားမှုကြီး ဖြစ်လာစေခဲ့သည်။

အလားတူ သိပ္ပံပညာနှင့်အခြားသော အသိပညာများအတွက်လည်း များစွာ အကျိုးဖြစ်ထွန်းခဲ့သည်။ ပညာရပ်ပိုင်း ဆိုင်ရာတို့ကို လက်ရေးနှင့်ကူးရေးနေစရာ မလိုတော့ဘဲ ပုံနှိပ်ထုတ်ဝေနိုင်ခြင်း ကြောင့် ပညာရှင်များအကြား ပိုမိုဖလှယ် နိုင်စွမ်းရှိလာပြီး ဥရောပ အမှောင်ခေတ်မှ ပြန်လည်နိုးထခေတ်ကို ဦးတည်စေခဲ့ သည်။ ဤနေရာတွင် ပုံနှိပ်စက်နည်းပညာ ပေါ်ထွက်လာခြင်း သက်သက်ကြောင့် သာမဟုတ်ဘဲ ဥရောပသားတို့၏ ပုံနှိပ်စက် ကိုအသုံးချကာအသိဉာဏ်ပညာတိုးတက် အောင် လုပ်နိုင်စွမ်းကိုလည်း အသိအမှတ် ပြုရမည်။ ဂူတင်ဘတ်က ၁၄၅၀ ဝန်းကျင် တွင် ပုံနှိပ်စက်ကိုတီထွင်ခဲ့သော်လည်း ပုံနှိပ်ခတို့၊ စာအုပ်ဖိုးတို့မှာ အလွန်ဈေးကြီး နေသေး၏။ သို့သော် တဖြည်းဖြည်း အသုံးများလာသည်နှင့်အမျှ အထွေထွေ သုံးနည်းပညာတို့၏ ထုံးစံအတိုင်း ဈေးပေါလာကာ လူတိုင်းနီးပါး ပတ်သက် လာနိုင်သည်။ ၁၅၀၀ ပြည့်နှစ်တွင် ဥရောပ၌ စာအုပ် သန်း ၂၀ ခန့် ပုံနှိပ်ခဲ့ပြီး ၁၆၀၀ ပြည့်နှစ်တွင် စာအုပ်သန်းပေါင်း ၁၅၀ အထိ ပုံနှိပ်ထုတ်ဝေခဲ့ပြီဖြစ် သည်။

တစ်ဖက်တွင် ထိုခေတ်က စစ်ရေး အင်အားအကြီးဆုံး အင်ပါယာကြီးဖြစ် သော အော်တိုမန် အင်ပါယာသည် ပုံနှိပ် စက်ကို ငြင်းပယ်ခဲ့သည်။ ငြင်းပယ်ခြင်း မှာ အော်တိုမန်ကို အုပ်ချုပ်သော ဆူလတန် တို့ အသိပညာနည်းခြင်းကြောင့် မဟုတ်။ ဂရိ၊ ရောမခေတ်တို့လွန်ပြီး ဥရောပအမှောင် ခေတ်ရောက်ချိန်တွင် ကမ္ဘာပေါ်၌ အသိ ပညာ အတတ်ပညာတို့ကို ဦးဆောင်ခဲ့ သည်မှာ အစ္စလာမ္မစ် ရွှေခေတ်ဟုလည်း ခေါ်သည့် အာရပ်တို့၏ ခေတ်ဖြစ်သည်။ အော်တိုမန် အင်ပါယာသည် အစ္စလာမ္မစ် ရွှေခေတ်၏ သိပ္ပံ၊ ဆေး၊ သင်္ချာ၊ နက္ခတ္တဗေဒ၊ ဒဿန၊ ဘာသာပြန်ဆိုမှု၊ အနုပညာ၊ ဗိသုကာ၊ စာပေ အမွေအနှစ်တို့ကို ဆက်ခံ ထားသည့် အသိုင်းအဝိုင်းဖြစ်သည်။ ပုံနှိပ်စက်ကို လက်မခံသည့် အကြောင်းရင်း တော်တော်များများရှိသည့်အနက် အဓိက တစ်ခုမှာ ဘာသာရေးဖြစ်သည်။ ကုအာန် ကျမ်းသည် ဘုရားသခင်၏ နှုတ်ကပါဌ် တော်ဖြစ်၍ ပုံနှိပ်စက်တင်၍ မသင့်ဟု အယူကြီးခဲ့သည်။ ထို့ကြောင့် အာရဗီစာလုံး ဖြင့် ပုံနှိပ်ခြင်းကို ခွင့်မပြု။ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု စုံလင်သည့် အင်ပါယာကြီးဖြစ်ရာ အခြားဘာသာ စကားဖြင့် ပုံနှိပ်ခြင်းတို့တော့ရှိသည်။ သို့သော် သိပ်မထွန်းကားခဲ့။ နောက်တစ် ချက်မှာ ဘာသာရေးဆရာများက ပုံနှိပ်စက်ကြောင့် လက်ရေးကူးယူမှုတို့ ပျောက်ကွယ်ပြီး သူတို့နေရာပျောက်မည် ကို စိုးရိမ်ခဲ့ခြင်းလည်း ပါဝင်သည်။ ၁၇၂၇ ခုနှစ်တွင် ပုံနှိပ်စက်များကို ခွင့်ပြုခဲ့သော်



လည်း နှစ်ပေါင်း ၃၀၀ မျှ နောက်ကျသွားခဲ့ ပြီ။ ထို့ကြောင့်သမိုင်းဆရာ ဘားနတ်လူးဝစ် က "အော်တိုမန် ကမ္ဘာက ပုံနှိပ်စက်ကို မသိလို့ငြင်းခဲ့တာမျိုးမဟုတ်ဘူး။ ရှိပြီးသား တည်ငြိမ်မှုတွေကို ထိန်းသိမ်းထားနိုင် အောင် အသိစိတ်ရှိရှိနဲ့ ရွေးချယ်ခဲ့တာ"ဟု မှတ်ချက်ပြုခြင်းဖြစ်သည်။

တရုတ် မင်မင်းဆက်ကတော့ တစ်မျိုး ဖြစ်သည်။ ဂူတင်ဘတ် မတိုင်ခင်က တည်းက တရုတ်ပြည်တွင် စာပုံနှိပ်စက် လုပ်ငန်းရှိနေပြီးသား။ ၁၄၀၀ ပြည့်လွန်နှစ် များအတွင်း တရုတ်ပြည်တွင် သစ်သား ဘလောက်တုံးများဖြင့် စက္ကူပေါ်တွင် ပုံနှိပ်သည့်လုပ်ငန်း ထွန်းကားနေပြီ။ ဘလောက်တုံးလိုက်မဟုတ်ဘဲ စာလုံး တစ်လုံးချင်းစီကို စာစီပြီး ပုံနှိပ်သည့် နည်းပညာလည်း ၁၁ ရာစုလောက်ကတည်း က ရှိခဲ့သည်။ သို့သော် အသုံးမတွင်ကျယ် ခဲ့။ တရုတ်စာ၏ စာလုံးများခြင်းကြောင့် ဖြစ်နိုင်သည်။ တစ်ခု သေချာသည်ကတော့ ဂူတင်ဘတ်၏ သတ္တုသုံးပြီး စာစီရိုက်နိုင် သည့် ပုံနှိပ်စက်နည်းပညာကို တရုတ်တို့ လက်ခံဖို့ နှောင့်နှေးခဲ့ခြင်းပင်။ ထို့ပြင် ပုံနှိပ်စက်သုံး၍ ပုံနှိပ်ရာ၌ ကွန်ဖြူးရှပ် စာပေတို့သာ အဓိကဖြစ်ခဲ့ပြီး အခြား အသိပညာစာပေများ အားနည်းခဲ့သည်။ နောက်တစ်ချက်မှာ အခြားသမိုင်း မှတ်တမ်းများအရ တရုတ်ပြည်သည် မိုးအောက်မြေပြင်တွင် ပြည့်စုံပြီးသား တိုင်းပြည်ဖြစ်၍ တိုင်းတစ်ပါးမှ မည်သည့် အရာမျှ တင်သွင်းရန်မလိုအပ်ဆိုသည့် အယူမျိုးလည်း ရှိခဲ့သည်။

ပုံနှိပ်စက်နည်းပညာကို လက်ခံ ကျင့်သုံးပြီး စာပေရိုက်နှိပ်မှု အားကောင်း ခဲ့သော ဥရောပသည် အမှောင်ခေတ်မှ ပြန်လည်နိုးထခေတ်၊ ဉာဏ်အလင်းပွင့် ခေတ်တို့ကို ကျော်ဖြတ်ကာ စက်မှု တော်လှန်ရေး ဖြစ်လာသည်ကို အားလုံး မြင်တွေ့ခဲ့ရပြီးသားပင်။ ထိုမှ မဟာ ကွဲပြားမှုကြီး ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့ကြောင့် သမိုင်းဆရာမ အဲလိဇဘက် အိုင်ဆင်စတိုင်းက "ပုံနှိပ်စက်တွေဟာ အလယ်ခေတ်ကနေ ခေတ်သစ်ဖြစ်လာ စေဖို့ အရှိန်မြှင့်ပေးခဲ့တဲ့ အပြောင်းအလဲ အကူပစ္စည်းဖြစ်တယ်"ဟု မှတ်ချက်ပြု ခြင်းဖြစ်သည်။

ပုံနှိပ်စက်ပေါ်လာခြင်းသည် အခြေ တည်ပြီးသား ဘာသာရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးတို့အပေါ် ထိခိုက်မှုများစွာရှိခဲ့ သည်။ ဥရောပနှင့် အော်တိုမန် အင်ပါယာ ကို ယှဉ်ကြည့်လျှင် ဥရောပကို အဆိုပါ ထိခိုက်မှုများကိုလက်ခံပြီး ခေတ်သစ် တည်ဆောက်ခဲ့သည်။ အော်တိုမန် အင်ပါယာက တည်ငြိမ်မှုနှင့် ထုံးတမ်း စဉ်လာကို ရွေးချယ်ပြီး ခေတ်ဟောင်းကို ဆွဲထားဖို့ ကြိုးစားသည်။ ကွာခြားမှုမှာ အားလုံး သိပြီးကြသည့်အတိုင်းပင်။ ထို့ကြောင့် ခေတ်သစ်တည်ဆောက်ခြင်း သည် ကိရိယာများကို အသုံးပြုခြင်း သက်သက်သာမဟုတ်၊ ဖြစ်တည်ပြီးသား စံနှုန်းများအပေါ် စိန်ခေါ်မှုများ၊ ဗဟို ချုပ်ကိုင်မှုကို ဖြေလျှော့ခြင်း၊ အသိပညာ ကို လူအနည်းငယ်အတွက်သာမဟုတ်ဘဲ လူများစုအတွက် ဖြစ်စေခြင်းတို့ ပါဝင် နေကြောင်း ပုံနှိပ်စက်များက သက်သေ ပြခဲ့သည်ဟု ဆိုနိုင်သည်။

# ကမ္ဘာကြီး ပူနွေးမှုကြောင့် ၂၁၀၀ ပြည့်နှစ်တွင် သာမန်လူတို့ ၄၀ ရာခိုင်နှုန်း ပိုမိုဆင်းရဲမည်

ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်း၏ လက်တွေ့ ထိခိုက်မှုအဖြစ်လာမည့် ၂၁၀၀ ပြည့်နှစ်တွင် သာမန်လူတို့ ယခု ထက် ၄၀ ရာခိုင်နှုန်း ပိုမိုဆင်းရဲလာကြ မည်ဟု သိပ္ပံတွေ့ရှိချက်တစ်ခုက ဖော်ပြ ထားသည်။




ဆောက်သ်ဝေးလ် တက္ကသိုလ်မှ သိပ္ပံ ပညာရှင်များက ကမ္ဘာကြီးပူနွေးလာမှု ကြောင့် ဖြစ်ပွားသည့် ထိခိုက်မှုများသည် ယခင်ကယူဆထားသည်ထက် လေးဆ ပိုမိုမြင့်မားပြီး ၄ ဒီဂရီ ဆဲလ်စီးယပ်စ် ပိုမို ပူနွေးလာမှုကြောင့် ဆင်းရဲမှု ပိုမိုများပြား လာမည်ဟု သတိပေးလိုက်ခြင်းဖြစ်သည်။

ယခုလေ့လာမှုအရ ကမ္ဘာကြီးပူနွေးမှု ကို ၂ ဒီဂရီ ဆဲလ်စီးယပ်စ်၌ ထိန်းထားနိုင် လျှင်ပင် ကမ္ဘာ့ ဂျီဒီပီ ၁၆ ရာခိုင်နှုန်း ကျဆင်းမည်ဖြစ်သည်။ ပိုမိုပူနွေးလာလျှင် ပိုမိုကျဆင်းလာမည်။ သို့သော် ၂ ဒသမ ၁ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ တိုးမည်ကို မရှောင်လွှဲနိုင်ဟုလည်း ဆိုကြသည်။

အဆိုပါ ဂျီဒီပီကျဆင်းမှုမှာ ယခင်က တွက်ချက်ထားသည်တို့ထက် များစွာ မြင့်မားနေသည်။ အကြောင်းမှာ အစောပိုင်း ကမ္ဘာ့ဂျီဒီပီ ခန့်မှန်းတွက်ချက်မှုများ၌ ရာသီဥတုကို ထည့်သွင်းထားခြင်း မရှိ၍ပင်။ ယခုလေ့လာမှုမှာ ကမ္ဘာ့ စီးပွားရေးခန့်မှန်းချက်တွင် ရာသီဥတုကို ပထမဆုံးအကြိမ် ထည့်သွင်းတွက်ချက် ခြင်းဖြစ်သည်။

"ဒီထိခိုက်မှုတွေကို အရင်ကထည့်တွက် ခဲ့တာမျိုး မရှိဘူး။ စီးပွားရေး မိုဒယ်တွေ တည်ဆောက်တဲ့နေရာမှာ ရာသီဥတု ဆိုးဆိုးရွားရွား ဖောက်ပြန်ပြောင်းလဲ တာဟာ စီးပွားရေးအတွက် ဘာမှ ပြဿနာမရှိဘူးလို့ ယူဆခဲ့ကြလို့ပါ။ အခုတော့ ရာသီဥတုမူဝါဒကို လေးလေး နက်နက် ထည့်သွင်းရပါတော့မယ်"ဟု သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာ တင်မိုသီ နေးလ်က ရှင်းပြသည်။

ယခင်က စီးပွားရေးပညာရှင်များသည် စီးပွားရေး ခန့်မှန်းချက်များအတွက် မိုဒယ်ပြုတွက်ချက်ရာတွင် တိုင်းပြည် တစ်ပြည်၏ ရာသီဥတုနှင့် မိုးလေဝသ အခြေအနေများကိုယူပြီး တွက်ချက်ကြ သည်။ တစ်ကမ္ဘာလုံး ရင်ဆိုင်ကြုံတွေ့ နေရသည့် ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်းကြီး တစ်ခုလုံးကို ထည့်မတွက်ခဲ့ကြပေ။

ယခုမူ ကမ္ဘာကြီးပူနွေးခြင်းကြောင့် ဆိုးရွားသည့် ရာသီဥတုဖြစ်စဉ်များ ပိုမိုဖြစ်လာကာ ပိုမိုဆိုးရွားလာနိုင်သည် ကို တွေ့ရှိခဲ့ကြပြီ။ ပူနွေးသော လေသည် ပိုများသောရေငွေ့များနှင့် ပိုများသော စွမ်းအင်များကို ထိန်းထားမည်ဖြစ်ရာ ပိုမိုကြီးမားသော မုန်တိုင်းများနှင့် ရေကြီး မှုများ ဖြစ်လာနိုင်သလို အခြားတစ်ဖက် တွင် မိုးခေါင်ရေရှားမှုများလည်း ဖြစ်လာ နိုင်သည်။

ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှု ကို ဆက်တိုက်ရင်ဆိုင်ခဲ့ရသော်လည်း လက်ရှိ ရာသီဥတုပြောင်းလဲခြင်းမှာ လူ့အဖွဲ့အစည်းက လိုက်မမီနိုင်အောင် မြန်ဆန်နေသည်ဟု သိပ္ပံပညာရှင်များက ဆိုသည်။ တိုင်းပြည်တစ်ခု၏ စီးပွားရေး အနာဂတ်ကို ခန့်မှန်းရာတွင် တိုင်းပြည် နှင့် ပတ်သက်နေသည့် ရာသီဥတုအခြေ အနေများကိုသာမက ကမ္ဘာကြီး၏ ရာသီဥတုအခြေအနေကိုပါ ထည့်တွက်ဖို့ လိုလာခြင်းဖြစ်သည်။

**Ref: Daily Mail**

# အမေရိကန်နိုင်ငံတွင် သမ္မတထရမ့်နှင့် အီလွန်မတ်စ်တို့အပေါ် ဆန့်ကျင်ဆန္ဒဖော်ထုတ်ပွဲ ကျင်းပ

ဝါရှင်တန် မေ ၆

အမေရိကန်နိုင်ငံတွင် သမ္မတထရမ့်နှင့် အစိုးရစွမ်းဆောင်ရည်ဆိုင်ရာဌာနကို ကွပ်ကဲသည့် အီလွန်မတ်စ်တို့အပေါ် ဆန့်ကျင်ဆန္ဒဖော်ထုတ်ပွဲများ ကျင်းပခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရသိရသည်။

အမေရိကန်အစိုးရက ဝန်ထမ်းများကို အလုပ်မှ ထုတ်ပယ်ခြင်းနှင့် အစိုးရအသုံးစရိတ် ဖြတ်တောက်သည့်အစီအစဉ်များကို ရပ်ဆိုင်းခဲ့ခြင်းများအတွက် နိုင်ငံသားများက ဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ အစိုးရစွမ်းဆောင်ရည်ဆိုင်ရာ ဌာနအကြီးအကဲ အီလွန်မတ်စ်သည် ကွန်ဂရက်က တရားဝင်ရွေးချယ်ခန့်ထားသူ မဟုတ်ကြောင်း ဝေဖန်သူများကပြောကြားသည်။ အီလွန်မတ်စ်သည် နိုင်ငံသားများအားထားနေရသည့် အစီအမံများကို ရပ်ဆိုင်းခဲ့ပြီး ၎င်းလုပ်ရပ်အတွက် နိုင်ငံသားများက အီလွန်မတ်စ်အား စိတ်ပျက်နေကြကြောင်း ဆန္ဒဖော်ထုတ်သူတစ်ဦးက ပြောကြားသည်။ အီလွန်မတ်စ်သည် အစိုးရကို စွမ်းဆောင်ရည် လျော့နည်းလာစေရေး ဆောင်ရွက်နေသည်ဟု ဆန္ဒဖော်ထုတ်သူတစ်ဦးက ပြောကြားသည်။

သို့သော် အီလွန်မတ်စ်၏ ဆောင်ရွက်ချက်များကို ထရမ့်က ချီးကျူးခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**




# ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံအတွင်း၌ ဆေးလိပ်နှင့်အီလက်ထရွန်နစ်စီးကရက်သုံးစွဲမှု မြင့်တက်လာကြောင်း သတိပေးချက်ထုတ်ပြန်

မနီလာ မေ ၆

ဖိလစ်ပိုင်နိုင်ငံအတွင်း၌ ဆေးလိပ်နှင့် အီလက်ထရွန်နစ် စီးကရက်သုံးစွဲမှုမြင့်တက်လာခြင်းကြောင့် ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက



သတိပေးချက်တစ်ရပ် ယနေ့ ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ဆေးရွက်ကြီးထွက်ကုန်များမှ နီကိုတင်းသုံးစွဲမှုသည် နိုင်ငံအတွင်း၌ အရေးကြီးသော ပြည်သူ့ကျန်းမာရေးစိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၀၂၂ ခုနှစ်တွင် အသက် ၂၀ မှ ၅၉ နှစ်ကြားအရွယ်တွင် နီကိုတင်းသုံးစွဲမှု ၁၉ ရာခိုင်နှုန်းရှိရာမှ ၂၀၂၃ ခုနှစ်တွင် ၂၄ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း အမျိုးသားအာဟာရစစ်တမ်းကို ကိုးကား၍ ကျန်းမာရေးအောဂျင်စီက ပြောကြားသည်။

ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် နှလုံးသွေးကြောနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးလိပ်ကြောင့် နှစ်စဉ်သေဆုံးသူ ရှစ်သန်းကျော်ရှိကြောင်း ခန့်မှန်းထားသည်။

ဖိလစ်ပိုင် စာရင်းအင်းအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ နှလုံးဖောက်ခြင်း၊ ကင်ဆာနှင့် လေဖြတ်ခြင်းတို့သည် ဆေးလိပ်သောက်ခြင်းနှင့်ဆက်စပ်နေကြောင်း ဖော်ပြသည်။

နိုင်ငံအတွင်း၌ အသက် ၂၂ နှစ်အရွယ် အားကစားသမား အမျိုးသားတစ်ဦး အီလက်ထရွန်နစ်စီးကရက်သုံးစွဲမှုကြောင့် အဆုတ်ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးခဲ့သည့် ပထမဆုံးဖြစ်စဉ်ကို မှတ်တမ်းတင်ခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်ပြည်ထောင်စုရှိ အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်များ၌ လေဆင်နှာမောင်းနှင့် အင်အားပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် အနည်းဆုံး ၁၆ ဦး သေဆုံး

ဝါရှင်တန် မေ ၆



အမေရိကန် ပြည်ထောင်စုရှိ အနောက် အလယ်ပိုင်းနှင့် တောင်ပိုင်း ပြည်နယ်များ၌ လေဆင်နှာမောင်းနှင့် အင်အားပြင်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး ၁၆ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ရာသီဥတု ဆိုးရွားမှုကြောင့် အမေရိကန် ပြည်နယ်ငါးခုရှိ လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းပေါင်း ၂၅၀၀၀၀ ကျော် လျှပ်စစ်မီး ပြတ်တောက်မှုနှင့် ရင်ဆိုင်နေရသည်။

မေ ၂ ရက်မှစပြီး အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်များ၌ လေဆင်နှာမောင်း တိုက်ခတ်မှုများအပြင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ တင်နက်ဆီပြည်နယ်တွင် ၁၀ ဦး၊ ကန်တက်ကီနှင့် မစ်ဆူရီပြည်နယ်တို့တွင် နှစ်ဦးစီနှင့် အာကင်ဆော့စ်နှင့် အင်ဒီယာနာပြည်နယ်တို့၌ တစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါပြည်နယ်များ၌ မိုးရေချိန် ၃၀ စင်တီမီတာကျော် ရွာသွန်းခဲ့ပြီး ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ရာနှင့်ချီသောလမ်းများ ပိတ်ထားခဲ့ရသည်။ မေ ၅ ရက်တွင် ကန်တက်ကီပြည်နယ် မြောက်ပိုင်းရှိ ဘတ်တာနှင့် ဖာ့မောက်ခ်မြို့များရှိ ပြည်သူများအား ဘေးလွတ်ရာသို့ မဖြစ်မနေ ရွှေ့ပြောင်းခဲ့ရသည်။

မေ ပထမငါးရက်အတွင်း မိုးရွာသွန်းမှုသည် အင်ဒီယာနား အလယ်ပိုင်းတွင် တစ်လလုံး မိုးရွာသွန်းမှု ပျမ်းမျှမိုးရေချိန်နှင့် ကိုက်ညီကြောင်း သိရသည်။

ထို့ပြင် မေ ၅ ရက်တွင် မစ္စစ္စပီ မြောက်ပိုင်းတွင် လေဆင်နှာမောင်း တိုက်ခတ်ခဲ့ကြောင်း အတည်ပြုခဲ့ပြီး တင်နက်ဆီပြည်နယ်တွင် အခြား လေဆင်နှာမောင်းများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ ပြင်းထန်သော ပျက်စီးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ ချက်ခြင်း သတင်းထုတ်ပြန်ခြင်း မရှိပေ။

ပူနွေးသောအပူချိန်၊ လေထုမတည်မငြိမ်ဖြစ်မှု၊ လေပြင်းတိုက်ခတ်မှုနှင့် မက္ကဆီကိုပင်လယ်ကွေ့မှ စိုစွတ်သောအစိုဓာတ်စီးကြောင်းတို့ကြောင့် ဆိုးရွားသောရာသီဥတုများ ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန်– အောင်ကျော်ကျော်**

# လာအိုနှင့် ဗီယက်နမ် လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်

ဗီယင်ကျန်း မေ ၆

လာအိုနှင့် ဗီယက်နမ်နှစ်နိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ်များကို မြှင့်တင်ရန်ရည်ရွယ်၍ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတွင် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ယမန်နေ့တွင် လက်မှတ်ရေးထိုးကြောင်း သိရသည်။

လာအိုမြို့တော် ဗီယင်ကျန်း၌ နှစ်နိုင်ငံနည်းပညာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့က အဆိုပါနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်တွင် အွန်လိုင်းနှင့် အော့ဖ်လိုင်းသင်တန်းများပူးတွဲဖွင့်လှစ်ရန်၊ ကျောင်းသား ကျောင်းသူများအား ပညာတော်သင် အပြန်အလှန်စေလွှတ်ရန်၊ လေ့ကျင့်ရေးအစီအစဉ်များပေးရန်နှင့် သင်ရိုးညွှန်းတမ်းများဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းလုပ်ဆောင်ခြင်းတို့ ပါရှိကြောင်း လာအိုနည်းပညာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အနာဂတ်မျိုးဆက်သစ်များအား ခေတ်မီနည်းပညာဖြင့်ပုံဖော်ထားသော လျင်မြန်စွာပြောင်းလဲနေသောကမ္ဘာကိုရောက်ရှိရန် လိုအပ်သောကျွမ်းကျင်မှုများနှင့် အခွင့်အလမ်းသစ်များကို ရယူနိုင်မည်ဖြစ်သည်။ ထို့ပြင် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်နှင့် ကျွမ်းကျင်သောပညာရှင်များကို ပြုစုပျိုးထောင်ရာတွင် အရေးပါသော ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။

နှစ်နိုင်ငံလုံး၏ ပညာရေးနှင့် နည်းပညာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ အရေးပါသော ခြေလှမ်းတစ်ခုအဖြစ်ရှုမြင်ကြောင်း လာအိုနည်းပညာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဓားစာခံများလွှတ်ပေးရေး အစ္စရေးနိုင်ငံသားများ ဆန္ဒဖော်ထုတ်

ဂျေရုဆလင် မေ ၆

ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည့် ဓားစာခံများကို စေ့စပ်ဆွေးနွေးသည့် နည်းလမ်းဖြင့် လွှတ်ပေးရေး ကြိုးပမ်းဆောင်ရွက်ရန် အစ္စရေးနိုင်ငံသားများက အစ္စရေးအစိုးရအား ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ရပ်ဆိုင်းခဲ့ပြီးနောက် အစ္စရေးတပ်မတော်သည် မတ် ၁၈ ရက်မှစတင်၍ ဂါဇာဒေသအား မြေပြင်နှင့်လေကြောင်းမှ တိုက်ခိုက်မှုများ ပြန်လည်ဆောင်ရွက်ခဲ့သည်။

ပြီးခဲ့သည့် တစ်ရက်အတွင်း အစ္စရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် ဂါဇာဒေသခံ ၆၀ ထပ်မံသေဆုံးခဲ့သည်။ အစ္စရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် ဓားစာခံများ ထိခိုက်မည်ကို စိုးရိမ်သည့် အစ္စရေးနိုင်ငံသားများက နေ့စဉ် ဆန္ဒဖော်ထုတ်နေကြသည်။

ဓားစာခံများ လွှတ်မြောက်ရေး ညှိနှိုင်းဆွေးနွေးရန် တဲအဗစ်တွင်ကျင်းပသည့် ဆန္ဒဖော်ထုတ်ပွဲတွင် အစ္စရေးနိုင်ငံသားတစ်ဦးက တောင်းဆိုခဲ့သည်။ ဓားစာခံများ လွှတ်မြောက်ရေးအတွက် စစ်ပွဲအဆုံးသတ်ရေး ဆောင်ရွက်ရန် နိုင်ငံသား ၆၉ ရာခိုင်နှုန်းက လိုလားနေသည်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် မေ ၇ ရက်တွင် သမ္မတထရမ့်နှင့် တွေ့ဆုံမည်ဖြစ်သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**

**ဘာသာပြန်–စိုးသူရ**



# အက်စတွန်ဗီလာအသင်း ချန်ပီယံလိဂ်ချန်ပီယံဖြစ်လာရေး နည်းပြ အူနိုင်းအမ်မရီရဲ့ အိပ်မက်စိတ်ကူး တကယ်ဖြစ်လာပါ့မလား



"ကျွန်တော့်ရဲ့ အိပ်မက်စိတ်ကူးကတော့ အက်စတွန်ဗီလာအသင်းနဲ့အတူ ချန်ပီယံလိဂ်ချန်ပီယံဖြစ်လာဖို့ပဲဖြစ်ပါတယ်"ဟု ၂၀၂၃ ခုနှစ်အတွင်းက အက်စ်တွန် ဗီလာအသင်းကို ဥရောပဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့ပြီးနောက် နည်းပြ အူနိုင်းအမ်မရီက အက်စ်တွန်ဗီလာအသင်း ပရိသတ်တွေကို ပြောကြားခဲ့တာဖြစ်ပါတယ်။

ယခု ဘောလုံးရာသီမှာလည်း အက်စ်တွန်ဗီလာအသင်းဟာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိထားပြီး ကွာတားဖိုင်နယ်အဆင့်မှာ ပြင်သစ်ပထမတန်းချန်ပီယံ ပီအက်စ်ဂျီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဒါ့ပြင် နည်းပြအူနိုင်းအမ်မရီရဲ့ အက်စ်တွန်ဗီလာအသင်းက အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရဦးမှာဖြစ်ပါတယ်။

နည်းပြအမ်မရီဟာ ၂၀၂၂ ခုနှစ် အောက်တိုဘာလက နည်းပြစတီဗင်ဂျရတ်ရဲ့နေရာမှာ အစားထိုးနည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရတာဖြစ်ပြီး အဲဒီအချိန်မှာ နည်းပြအမ်မရီက အက်စ်တွန်ဗီလာအသင်းကို တန်းဆင်းဇုန်ကနေ ရုန်းထွက်ကာ ပရီမီယာလိဂ်မှာ တန်းတင်ကျန်ရစ်ရေး စွမ်းဆောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အက်စ်တွန်ဗီလာအသင်းဟာ ချန်ပီယံလိဂ် ချန်ပီယံဖြစ်လာဖို့ အခွင့်အရေးရှိနေတဲ့အပြင် နှစ်ပေါင်း ၂၉ နှစ်တာကာလအတွင်း ပထမဆုံး ပြည်တွင်း အဓိကဆုဖလားနဲ့ ၁၉၅၇ ခုနှစ်နောက်ပိုင်းပထမဆုံးအက်ဖ်အေဖလားကို ရယူဆွတ်ခူးနိုင်မယ့် အခွင့်အရေးလည်း ရှိနေတာ ဖြစ်ပါတယ်။

ဒါ့ပြင် နည်းပြအမ်မရီရဲ့ အက်စ်တွန်ဗီလာအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယား တတိယနေရာမှာ ရပ်တည်နေတဲ့ နော်တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ခုနစ်ပွဲဆက် နိုင်ပွဲရရှိခဲ့ပြီ ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ် အဆင့်(၅)နေရာက မန်စီးတီးအသင်းနဲ့ ရမှတ်တူ အနေအထားကို ရောက်ရှိလာခဲ့တာကြောင့် လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိမယ့် အခွင့်အရေးအနေနဲ့လည်း နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းကို နည်းပြအမ်မရီရောက်ရှိလာခဲ့ပြီး နောက်ပိုင်း အက်စ်တွန်ဗီလာအသင်းထက် ပရီမီယာလိဂ်ရမှတ်ပိုတဲ့အသင်း သုံးသင်းသာရှိခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီက ပထမရာသီမှာ ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၇)၊ ဒုတိယရာသီမှာ အဆင့်(၄) စာရင်းဝင်ခဲ့တာ ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်း ချန်ပီယံရှစ်မှာရှိနေစဉ် ၂၀၁၉ ခုနှစ်အတွင်းက ၁၀ ပွဲအထိ အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း နည်းပြအမ်မရီရဲ့ အက်စ်တွန်ဗီလာအသင်း အနေနဲ့ ပြိုင်ပွဲစုံ ခုနစ်ပွဲဆက် နိုင်ပွဲရရှိခဲ့ခြင်းဟာ ပထမဆုံးအကြိမ် နိုင်ပွဲဆက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဒါ့ပြင် နည်းပြအမ်မရီဟာ ပရီမီယာလိဂ် အိမ်ကွင်း ၁၅ ပွဲအထိ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ပထမဆုံး အက်စ်တွန်ဗီလာအသင်း နည်းပြလည်း ဖြစ်ပါတယ်။

နည်းပြအမ်မရီဟာ ရှုံးထွက်ပြိုင်ပွဲတွေမှာ နည်းပြဘဝနဲ့ ဆုဖလား ၁၀ လုံးအထိ ရယူထားနိုင်ခဲ့တာကြောင့် ရှုံး/ထွက်ပြိုင်ပွဲတွေရဲ့ အရှင်သခင်လို့တောင် တင်စားခံထားရသူ ဖြစ်ပါတယ်။ ဒါကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်လာဖို့အရေးဟာ သူ့ရဲ့စိတ်ကူးအိပ်မက်ဖြစ်တယ်လို့ ဆိုထားတာဖြစ်ပြီး ပရီမီယာလိဂ် ချန်ပီယံဖြစ်လာဖို့ အခွင့်အရေးကတော့ အလွန်ခက်ခဲတာကြောင့် နည်းပြအမ်မရီရဲ့ ချန်ပီယံလိဂ်ချန်ပီယံဖြစ်လာရေး စိတ်ကူးအိပ်မက် အမှန်တကယ်ဖြစ်လာမှာလားဆိုတာတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။



## ရီးယဲလ်ဘတ်တစ်အသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာ ရရှိခဲ့ပေမယ့် ဘာစီလိုနာအသင်း လာလီဂါအမှတ်ပေးဇယားထိပ်ဆုံး၌ ဆက်လက်ဦးဆောင်

ဘာစီလိုနာအသင်းဟာ ရီးယဲလ်ဘတ်တစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်(၃၀) မှာ သရေတစ်မှတ်သာ ရရှိခဲ့ပေမယ့် အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းနဲ့ ပွဲစဉ်မှာ အိမ်ရှင်ဘာစီလိုနာအသင်းက ပထမပိုင်း ပွဲကစားချိန် ခုနစ်မိနစ်မှာ ရရှိခဲ့တဲ့ ဂါဗီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ရီးယဲလ်ဘတ်တစ်အသင်းက ပွဲကစားချိန် ၁၇ မိနစ်မှာ နက်တန်ရဲ့ ချေပဂိုးရရှိခဲ့တာကြောင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းဟာ သရေတစ်မှတ်သာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပေမယ့် စပိန်လာလီဂါပွဲစဉ်(၃၀)အပြီးမှာ ရမှတ် ၆၇ မှတ်အထိ စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းကို လေးမှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- မန်စီးတီးအသင်းဟာ အသက် ၃၃ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်း အသင်းကနေ ထွက်ခွာတော့မှာဖြစ်တဲ့အတွက် လေဗာကူဆင်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ဖလော်ရီယန်ဝါ့ဇ်ကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- မန်ယူအသင်း၊ နော်တင်ဟမ်ဖောရက်စ်အသင်း၊ ဂျူဗင်တပ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ဟာ ခရစ္စတယ်ပဲလေ့စ်အသင်းမှ ပြင်သစ် တိုက်စစ်မှူး မာတီတာကို ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- လက်စတာစီးတီးအသင်းဟာ လက်ရှိအသင်းနည်းပြ နစ္စတယ်ရှိုင်းကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့ပါက ဆောက်သမ်တန်အသင်း နည်းပြဟောင်း ရက်ဆဲလ်မာတင်ကို နည်းပြသစ်အဖြစ် ခန့်အပ်ဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ဘာစီလိုနာအသင်းတိုက်စစ်မှူး ယာမယ်ကို စာချုပ်ချုပ်ဆိုခေါ်ယူရေး စောင့်ကြည့်မှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

## ကွင်းလယ်ကစားသမား သောမက်မူလာ ယခုဘောလုံးရာသီကုန်တွင် ဘိုင်ယန်မြူးနစ်အသင်း ကစားသမားဘဝ အဆုံးသတ်တော့မည်



ဂျာမနီအသင်းရဲ့ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ သောမက်မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ကစားသမားဘဝ ၂၅ နှစ်ကြာ ဖြတ်သန်းခဲ့ပြီးနောက် ယခုဘောလုံးရာသီကုန်ပိုင်းမှာ ကစားသမားဘဝ အဆုံးသတ်တော့မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ သောမက်မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၇၄၃ ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်တာကြောင့် အသင်းရဲ့ သမိုင်းတစ်လျှောက်မှာ ပွဲစဉ်အများဆုံးကစားထားတဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ထားတာ ဖြစ်ပါတယ်။

သောမက်မူလာဟာ ဂျာမနီနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၃၁ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၄၅ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တဲ့အပြင် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ရွှေဖိနပ်ဆုကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ဂျာမနီအသင်းနဲ့အတူ ကမ္ဘာ့ဖလားကို ရယူဆွတ်ခူးပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား သောမက်မူလာဟာ ကစားသမားဘဝကို ဂျာမနီမြေမှာပဲ ဖြတ်သန်းခဲ့ပြီး လက်ရှိအချိန်မှာတော့ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းရဲ့ ကစားသမားဘဝကိုလည်း ရာသီကုန်မှာ အဆုံးသတ်တော့မှာလည်း ဖြစ်ပါတယ်။

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ သတ္တမအကြိမ် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ သတ္တမအကြိမ် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါစေတီတော် ဆိပ်ကမ်းလုပ်သား ပေါင်းစုံဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဒေါက်တာတင်ထွန်းက သွေးလှူဒါန်းပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာသွေးလှူရှင်ပြည်သူများအား အမျိုးသားသွေးလှူဌာနမှ ဒေါက်တာခင်ချိုလင်း၊ တာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေးဆိုင်ရာများ စစ်ဆေးပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက်သွေးလှူရှင်များအားစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က တီရှပ်အင်္ကျီများ၊ အလှူရှင်များက အအေး၊ ကြက်ဥ၊ ငှက်ပျောသီး၊ နွားနို့စသည့် အာဟာရအစားအစာများ၊အမျိုးသားသွေးလှူဌာနမှသံဓာတ်အားဆေးစသည်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆-D)၊ ၁၄၊ ၁၅၊ ၁၆၊ မြေကွက်အမှတ်(၉၃)၊ ဧရိယာ (အလျား ၅၀ ပေ x အနံ ၇၀ပေ)အကျယ်ရှိပါမစ်စလစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေကွက်ကိုမျက်နှာမူ၍ ကြည့်သော်(ညာခြမ်း)၊ (အလျား ၂၅ပေ x အနံ ၇၀ပေ) အကျယ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း ရပ်ကွက်၊ ၃-လမ်း(မြောက်)၊ အမှတ်(၁၁၉)ဟုခေါ်တွင်သော မြေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ **ဦးယဉ်ထွေးသက် [၁၂/ကတတ(နိုင်)၀၂၅၁၅၃]**မှ အဆက်စပ်စာချုပ်စာတမ်းဖြင့်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်းပြောဆိုကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေ **ဦးသန်းကျော် [၈/ခမန(နိုင်)၀၁၃၂၁၇]** မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့် အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B,D.B.L, D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ် - ၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ဘန့်ဘွေးကုန်းကျေးရွာတွင်တည်ရှိသော ကွင်းအမှတ်(၅၁၈ ဘီ)၊ ကွင်းအမည်(ဆပ်သွားတောအရှေ့)၊ ဦးပိုင်အမှတ်(၃၆/က ၁.၁၄)၊ မြေလုပ်ကိုင်သူအမည်ပေါက် (ဦးနိုင်မျိုးဝင်း)အမည်ဖြင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၌ မှတ်သားထားသည့် ဧရိယာအကျယ်အဝန်းအားဖြင့် အလျား(၄၀)ပေxအနံ(၆၀)ပေရှိ မြေနှင့်တကွ ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁)ထပ်တိုက်အိမ်တစ်လုံး(ရေးမီးအစုံ)ပါ အဆောက်အဦနှင့်တကွ ဆက်စပ်ပတ်သက် တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးနိုင်မျိုးဝင်း [၈/ပခက(နိုင်)၂၀၃၈၀၁]မှ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းအောင်ကျော်မှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ ထို့ကြောင့် အိမ်နှင့် ခြံမြေကွက်၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့် ပတ်သက်သော ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော (မူရင်း)စာရွက် စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း (LLB,DBL)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၅၇၇)(၂၆-၁-၂၀၁၅)**
**အမှတ်-၆၀(ဘီ-၂)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၄၆၆၈၆၊ ၀၉-၄၀၁၁၅၄၆၀၀**

❂ ကျောဖုံးမှ

ကူးတို့ခရီးလမ်းကို ပုဂ္ဂလိကပိုင် ရေယာဉ်၊ တွဲရေယာဉ်များဖြင့်လည်းကောင်း မတ် ၃၁ ရက်မှစ၍ အခမဲ့ပြေးဆွဲပေးခဲ့သည်။

အဆိုပါကူးတို့ခရီးလမ်းများဖြင့် ဧပြီ ၆ ရက်အထိ ခရီးသည် ၉၄၂ ဦး၊ ကုန်တင်ယာဉ် ၉၀၂ စီး၊ လူစီးမော်တော်ယာဉ်ငယ် ၅၅၁ စီးတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဧရာဝတီမြစ်ကူးတံတား ရတနာပုံနှင့် အင်းဝတံတားတို့ပေါ်မှ သွားလာမှုအခက်အခဲဖြစ်ပေါ်နေမှုကို အဆင်ပြေစေရန် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများ၊ ရိက္ခာနှင့်ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များ လာရောက်ပို့ဆောင်ပေးမည့် နိုင်ငံတကာမှ ကယ်ဆယ်ရေးလေယာဉ်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ မတ် ၂၉ ရက်မှစ၍ နေ့စဉ်ဆင်းသက်လျက်ရှိရာ ယနေ့အထိ စုစုပေါင်း လေယာဉ် ၈၉ စင်း ဆင်းသက်ခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၄၈၃ ဒသမ ၉၃ တန် ရောက်ရှိပြီးဖြစ်သည်။ အဆိုပါ ပြည်ပမှ လာရောက်သည့် ကယ်ဆယ်ရေးလေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားအင်အားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာအမျိုးသားလေကြောင်း၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရှေ့ဆောင်လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် MC- Jalux Airport Services ကုမ္ပဏီတို့က အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် ငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးနှင့် နေပြည်တော်လေဆိပ်များတွင် ယာယီရပ်နားခဲ့သည့် ပြည်တွင်းလေယာဉ်ခရီးစဉ်များ အမြန်ဆုံး ပြန်လည်ပြေးဆွဲနိုင်ရေး လေဆိပ်အလိုက် လေယာဉ်ပြေးလမ်းများ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ပျက်စီးမှုများပြုပြင်ခြင်း၊ လေဆိပ်အဆောက်အအုံများတွင် ခရီးသည်များ ယာယီအသုံးပြုနိုင်ရန် ပြုပြင်ခြင်းများဆောင်ရွက်ခဲ့ပြီး ပြည်တွင်းလေယာဉ်ခရီးစဉ်များကို ဧပြီ ၄ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း၊ ဧပြီ ၅ ရက်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း ပြန်လည်ဆင်းသက်ခွင့်ပြုခဲ့သည့်အတွက် မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ မင်္ဂလာလေကြောင်း၊ အဲယားသံလွင်လေကြောင်းလိုင်းတို့မှ ခရီးစဉ်များ ပုံမှန်ပျံသန်းပေးလျက်ရှိသောကြောင့် ခရီးသွားလုပ်သားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❖ ဧပြီ ၁၂ ရက်မှ

ကြောင့် လည်းကောင်း ယနေ့ညမှ ဧပြီ ၁၁ ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ဧပြီ ၁၂ ရက်မှ ၁၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

### အကြံပြုချက်

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**









GGI NIPPON LIFE
အသက်အာမခံ

## "လျှင်သဘာဝဘေးကြောင့်ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄)နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ခြင်း"

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော လျှင်သဘာဝဘေးကြောင့် မမျှော်လင့်ဘဲ အသက်အိုးအိမ်နှင့် အခြေခံအဆောက်အအုံ ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပါသည်။ ထို လျှင်သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူများအားလုံးနှင့် အတူ GGI Nippon Life အသက်အာမခံမှ ထပ်တူစိတ်မကောင်းခြင်းဖြင့် ဝမ်းနည်းမိပါသည်။

လျှင်သဘာဝဘေးအန္တရာယ် ကြုံတွေ့မှုဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများနှင့် အခြားသော အာမခံအကျိုးခံစားခွင့်များကို အမြန်ဆောင်ရွက်ပေးနိုင်ရန် GGI Nippon Life အသက်အာမခံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

လျှင်သဘာဝဘေး အန္တရာယ်ကြုံတွေ့သောဒေသတွင် နေထိုင်သည့် Customer များအတွက် အာမခံပရီမီယံပုံမှန်ဆောင်ရွက်လျက်ရှိသည့်ရက်ကို (၆)လ တိုးမြှင့် ရွှေ့ဆိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထို့အတူ စုငွေအသက်အာမခံထားရှိသည့် Customer များ၏ အရေးပေါ် လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပေါ်လစီချေးငွေထုတ်ယူနိုင်သည့် သက်တမ်းဖြစ်ပါက ချေးငွေအမြန်ထုတ်ယူနိုင်ရန်စီစဉ်ထားရှိပါသည်။

အာမခံအကျိုးခံစားခွင့်နှင့် အာမခံဝန်ဆောင်မှုများအတွက် အောက်ဖော်ပြပါ Customer Care Help Line များမှ တစ်ဆင့် ၂၄ နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် – 09-400083003, 09-400083004, 09- 942587788, 09-664969238

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Grand Guardian Nippon Life Insurance Co., Ltd.

GGI TOKIO MARINE
GENERAL INSURANCE

## လျှင်အာမခံ ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄ နာရီ) ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း

၂၈-၃-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ (၁၂) နာရီ (၅၁) မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော လျှင်ကြီးသည် နှစ်တစ်ရာတွင် တစ်ကြိမ်မျှ ပေါ်ပေါက်လေ့ရှိသော အင်အားပြင်းထန်သည့် မြေငလျင်ကြီး (Mega Earthquake) ဖြစ်ပါသည်။ ထိုမျှ ပြင်းထန်သော မြေငလျင်ကြီးကြောင့် လူ့အသက်ဆုံးရှုံးခြင်း၊ ခန္ဓာကိုယ်ထိခိုက်ခြင်း၊ အိုးအိမ်ပစ္စည်းဆုံးရှုံးခြင်း၊ အိုးအိမ်မဲ့ဖြစ်ခြင်းများ ကြုံတွေ့နေရသည်ကို GGI Tokio Marine General Insurance Company မှ စိတ်နှလုံးညှိုးနွမ်းပြီး အလွန်ဝမ်းနည်းစွာ တွေ့မြင်ခံစားရပါသည်။

ဤပျက်စီးဆုံးရှုံးမှုများအတွက် လျှင်အန္တရာယ်အာမခံထားသူများအား လျှင်အန္တရာယ်အာမခံနှင့် လျော်ညီသည့် လျော်ကြေးများကို အမြန်ဆောင်ရွက်နိုင်ရန် "GGI Tokio Marine General Insurance Company"၏ ဝန်ထမ်းများက ကြိုးပမ်းလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။ အာမခံထားရှိထားသော Policy Holder များ၏ အဆောက်အဦများနှင့် ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိပါက ကျွန်တော်များ အာမခံကုမ္ပဏီသို့ အမြန်ဆုံး ဆက်သွယ်ပေးကြပါရန် အထူးမေတ္တာရပ်ခံပန်ကြား အပ်ပါသည်။ လျော်ကြေးဝန်ဆောင်မှုများအား အမြန်ဆုံး ရရှိနိုင်ရန် အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို (၂၄နာရီ) ခေါ်ဆို ဆက်သွယ် အကြောင်းကြား ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် – 09-883002446,09-883002447

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

GGI Tokio Marine General Insurance Co., Ltd.

### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၅၂-ရပ်ကွက်၊ စံပယ်ဦး(၂)လမ်း၊ အမှတ်(၅၃၂) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀'x၆၀') ရှိ ဦးမြင့်ရွှေ (ISN-၃၆၆၃၆၉) အမည်ပေါက် ပါမစ်မြေကွက်ကြီး အတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၃၀'x၆၀')ရှိ(ပါမစ်မူရင်းအခြမ်း)မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ရွှေ [၁၂/လကန(နိုင်)၀၈၆၀၉၀]မှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို သဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေတွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း- ၀၉-၅၀၉၂၉၇၂၊ ၀၉-၄၃၀၆၄၆၇၆**

### ဦးချမ်းငြိမ်းသူ (ဘ) ဦးမြချမ်း [၅/ကလတ(နိုင်)၀၉၂၉၃၁] နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချမ်းငြိမ်းစု(ဘ) ဦးချန်စိန် [၂/လကန(နိုင်)၀၆၀၀၈၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးချမ်းငြိမ်းသူ၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် ဦးအောင်ဆွေဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၅၅)မှ တစ်ဆင့် (၁၀-၃-၂၀၂၅) ရက်နေ့ထုတ် စာမျက်နှာ(၂၄) ပါ ကြေးမုံသတင်းစာတွင် တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန် ကြော်ငြာခြင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးချမ်းငြိမ်းသူတို့သည် (၇-၁၂-၂၀၂၄) ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခွဲဝေခြင်း ဝန်ခံကတိစာချုပ်တို့ကို နှစ်ဦးသဘောတူညီစွာဖြင့် လက်မှတ်လက်ဗွေများရေးထိုး၍ စာချုပ်ပါအသိသက်သေများနှင့် ရှေ့နေ၏ရှေ့မှောက်တွင် တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြီးသည့်အချိန်မှစ၍ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးချမ်းငြိမ်းသူတို့သည် မည်သည့်အကြောင်းအရာနှင့်မျှ ပြန်လည်ဆက်သွယ်ခဲ့ခြင်း ပြန်လည်ပေါင်းသင်းနေထိုင် ခဲ့ခြင်းမရှိပါ။ ဦးချမ်းငြိမ်းသူအနေဖြင့် စာချုပ်ပါကတိအချက်အလက်များကို ဖောက်ဖျက်၍ တရားဝင် ဇနီးမယားဖြစ်ကြောင်း ကြော်ငြာထည့်ခြင်း၊ ကျွန်ုပ်မိတ်ဆွေ၏ မိသားစုနှင့်လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတို့တွင်လည်း ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများဖြင့် ရည်ရွယ်ချက်ရှိရှိပြုမူဆောင်ရွက်လျက်ရှိသည်ကို ဦးချမ်းငြိမ်းသူအသိပင်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်သောကြောင့် ဦးချမ်းငြိမ်းသူအနေဖြင့် အခြေအမြစ်မရှိသည့် ထည့်သွင်းကြော်ငြာမှုမျိုးမပြုလုပ်ပါရန်နှင့် ကျွန်ုပ်မိတ်ဆွေအား စိတ်သောကဖြစ်စေသော လုပ်ရပ်များ မိသားစု မိတ်ဆွေလူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတို့တွင် ဂုဏ်သိက္ခာထိခိုက်စေသော အပြုအမူများအား မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ဦးချမ်းငြိမ်းသူအနေဖြင့် ယနေ့သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ အသိပေးကြေညာချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချမ်းငြိမ်းစု၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၈၉၄)**
**အမှတ်-၁၄၆/B၊ ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ (၂) ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅) ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ်(၁၅၆၇)နေ (အဖ) ဦးသိန်းမောင်၏သမီး ဒေါ်ခင်လှပို [၁၂/ဗဟန(နိုင်)၀၇၄၀၁၄] ကိုင်ဆောင်သူမှ အတူနေထိုင်သူဖြစ်သည့် (အဖ) ဦးတင်ရွှေ၏သမီး ဒေါ်မာမာဝင်း [၇/ညလပ(နိုင်)၀၉၅၉၆၅]ကိုင်ဆောင်သူအား ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၉-၃-၂၀၂၅)ရက်စွဲပါ အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်အမှတ် (၂၄၇၄/၂၀၂၅) ဖြင့် တရားဝင်မွေးစားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်လှပို (မွေးစားမိခင်)**
**[၁၂/ဗဟန(နိုင်)၀၇၄၀၁၄]**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဝါးတရာကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၉၄၊ ဦးပိုင်အမှတ်-၄၊ ဧရိယာ(၃၄.၉၆)ဧကရှိ ဦးကျော်ကိုကိုစံ [၁၂/တတန(နိုင်)၀၃၇၇၈၉] အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသည့် လယ်မြေထဲမှ လယ်ယာမြေ(၃)ဧကကို ဦးအောင်ကျော်ဌေး [၁၄/ကလန(နိုင်)၁၃၇၁၅၇]က ဦးကျော်ကိုကိုစံထံမှ ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး ဦးအောင်ကျော်ဌေး ဝယ်ယူခဲ့သော လယ်မြေ(၃)ဧကထဲမှ (၂)ဧကကို ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် ဦးအောင်ကျော်ဌေးအား စရန်ငွေ ပေးထားပြီးဖြစ်ပါသည်။ ဦးအောင်ကျော်ဌေးနှင့် လယ်မြေ(၂)ဧက အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက် အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက လယ်မြေ(၂)ဧကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိမ်းထူးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၈၃/၂၈-၂-၂၀၁၇)**
**အမှတ်၅/၁၄၉၊ ကျောင်းနောက်(၁)လမ်း၊ ဘုံရှည်ကုန်း၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-421095120**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ ဦးဝင်းအောင် [၁၂/အစန(နိုင်)၂၂၄၈၈၃]၊ (အဖ-ဦးအောင်ကွန်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်နှင့် ဒေါ်လှဲ့လှဲ့ခိုင် [၁၂/ဥကမ (နိုင်) ၂၅၇၈၇၆]၊ (အဖ-ဦးစိန်အောင်မြင့်) တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်သောကြောင့် (၁-၁၂-၂၀၂၃)နေ့တွင် တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်နှင့်ဒေါ်လှဲ့လှဲ့ခိုင်တို့သည် တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦးလုံးဝ သက်ဆိုင်ခြင်းမရှိတော့ကြောင်း၊ ဒေါ်လှဲ့လှဲ့ခိုင်၏ လူမှုရေးကိစ္စများနှင့် ပတ်သက်၍ လုံးဝတာဝန်ယူဖြေရှင်းပေးရန် တာဝန်မရှိကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်နှင့်တကွ ၎င်းတို့၏မိသားစုတို့အား ဂုဏ်သိက္ခာထိခိုက်နစ်နာစေမည့် စွပ်စွဲပြောဆိုပြုမူဆောင်ရွက်ခြင်းများကို လုံးဝမပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချစ်စန္ဒီ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၄၉)**
**အမှတ်(၂၉)၊ (၃၅)လမ်း၊ အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၀၇၆၉၇၃**

### "အများသိစေရန်ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဖီလယ်ယားကျေးရွာနေ ဦးအောင်ဆန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၅၄/၅၆)ဟုခေါ်တွင်သော ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ H၊ မြေကွက်အမှတ်-၄၀A၊ ၄၁၊ ၄၂၊ ၄၂A၊ ၄၄B၊ ၄၄C၊ ၆၄C/1၊ မြေဧရိယာ(၁.၉၂၃)ဧကရှိ ဒေါ်ခင်ကြည် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများအား ၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် ကမာရွတ်ခရိုင် တရားရုံး၏ စီမံမှုဖြင့် အထက်ဖော်ပြပါ ပစ္စည်းတည်ရှိရာနေရာတွင် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ ရောင်းချမည့် လေလံကြမ်းခင်းဈေးမှာ မြန်မာငွေကျပ် (၂၇၀,၀၀၀,၀၀၀,၀၀၀) ကျပ်သိန်းပေါင်းနှစ်သန်းနှင့် ခုနစ်သိန်းတိတိဖြစ်ပါသည်။ လေလံဆွဲ ဝယ်ယူလိုသူများသည် ဖုန်း-၀၉-၄၅၉၉၁၉၉၆၉၊ ၀၉-၆၉၂၇၈၀၉၆၉ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဆန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမောင်မောင်စိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၈၄/၂၀၁၅)**
**ဖုန်း-၀၉-၄၅၉၉၁၉၉၆၉၊ ၀၉-၆၉၂၇၈၀၉၆၉**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်၊ (တိုက်ကြီးအရှေ့)၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၁၂၁)၊ ဧရိယာ(၀.၀၄၉)ဧကရှိ နှစ်(၃၀)ဂရန် ဦးချို အမည်ပေါက် မခွဲစိတ်ရသေးသော ဂရန်မြေကွက်၏ တောင်ဘက်အခြမ်း ဧရိယာ(၀.၀၃၃)ဧကရှိ ပူးတွဲမြေပုံတွင် (ခ)အမှတ်ပြထားသည့် (အလျား ၃၈ပေxအနံ၈၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ(၂)လုံး၊ ရေ၊ မီတာ(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက်ထံမှ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသိန်းဦး[၁၂/တကန(နိုင်)၀၉၆၉၈၆]ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဝေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၉၉)**
**အမှတ်(၃၃၃)၊ နဝရတ်ရေစင်(၁)လမ်း၊ ပြည်တော်သာစက်မှုရပ်ကွက်၊**
**လှည်းကူးမြို့နယ်။ Ph:09-261446441**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ၁၈ ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၁၁၀)နေ ဦးတင့်အောင် [၁၄/ဖပန(နိုင်)၀၂၄၁၆၀]နှင့် ဒေါ်သန်းသန်းဌေး [၁၄/ဖပန(နိုင်)၀၁၉၃၇၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးတင့်အောင်နှင့် ဒေါ်သန်းသန်းဌေးတို့၏ သားဖြစ်သူ မောင်ရဲလင်းအောင် [၁၄/ဒဒရ(နိုင်)၁၀၉၂၅၂] သည် မိဘများ၏ ဆိုဆုံးမမှုကိုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ကိုကိုဝင်း(LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ် – ၅၂၄၂၃)**
**အမှတ်(၀/၇၆)၊ တပင်ရွှေထီးလမ်း၊ အောင်ချမ်းသာ(၃) ရပ်ကွက်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၉၅၄၂**

နိုင်ငံ
သာယာ
ဝပြောဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၅-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၃-၃-၂၀၂၅ ရက်နေ့မှ ၂၂-၄-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ် တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့ လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံ လစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထား

**နေပြည်တော် ဧပြီ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြေငလျင်လှုပ်ခတ်မှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်သူများအား သွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတို့မှ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ရေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်စေရေးအတွက် မန္တလေး(ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ခရီးသည်ကူးတို့ခရီးလမ်းကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များဖြစ်သည့် "ပြဒါးရှင်"ရေယာဉ်နှင့် "ပြည်သူ" ရေယာဉ် နှစ်စင်းဖြင့်လည်းကောင်း၊ ကုန်တင်ယာဉ်ကြီးများ

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ✪



# ဧပြီ ၁၂ ရက်မှ ၁၄ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်




**နေပြည်တော် ဧပြီ ၆**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်း

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

လျှင်ဒဏ်ကြောင့် ရထားလမ်းပိုင်းအချို့ ပျက်စီးမှုများအားအမြန်ဆုံးပြင်ဆင်ပြီးစီး၍ ရထားများပြန်လည်ပြေးဆွဲပေးလျက်ရှိ
စာမျက်နှာ » ၈

အက်စတွန်ဗီလာအသင်း ချန်ပီယံလိဂ်ချန်ပီယံဖြစ်လာရေး နည်းပြအူနိုင်းအမ်မရီရဲ့ အိပ်မက်စိတ်ကူး တကယ်ဖြစ်လာပါ့မလား
စာမျက်နှာ » ၂၅

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့
စာမျက်နှာ » ၂၆